# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက် စနေနေ့။ Saturday, 13 June 2026 ၁၂၂၀၈


## နိုင်ငံတော်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံများမှ အသုံးပြုလျက်ရှိသော ဆေးဝါးကုန်ကြမ်း ၃၆၅ မျိုးအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ


ပြည်သူ့လွှတ်တော် စာမျက်နှာ ၅


## အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာ


အမျိုးသားလွှတ်တော် စာမျက်နှာ ၇


## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင်အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်




ပြည်တွင်းရေးရာ စာမျက်နှာ ၁၁


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်(State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် တရုတ်သမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ထို့အပြင် စီးပွားရေးကွန်ဖရင့်သို့ တက်ရောက်ရန်ရှိပြီး အဆင့်မြင့်နည်းပညာသုံး စက်မှုလုပ်ငန်းများသို့ သွားရောက်လေ့လာသွားမည်ဖြစ်ပါသည်။ ခရီးစဉ်အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်သမ္မတ
ဦးမင်းအောင်လှိုင်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ
မစ္စတာရှီကျင့်ဖျင်

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ခံဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး လာအိုပြည်သူ့


စာမျက်နှာ ၃ ကော်လံ ၁ သို့ ○


## နေရာကွက်မိုးကြီးမှုနှင့် ထူးကဲဒီရေတက်ချိန် ရေကြီးရေလျှံမှု အထူးသတိပြု



မိုးရေချိန်ရရှိမှုကို စစ်ဆေးမှတ်တမ်းယူနေစဉ်။

ယခု မိုးရာသီ စတင်ချိန်တွင် မုတ်သုံလေ အားကောင်းမှုကြောင့် မိုးမပြတ်ရွာသွန်းလျက်ရှိပြီး မိုးရွာသွန်းမှုများချိန် ထူးကဲဒီရေတက်ချိန်နှင့် တိုက်ဆိုင်ခဲ့ပါက မြစ်၊ ချောင်း အနီးရှိ မြို့/ရွာများ ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ရာ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ် သတိပြုနိုင်ရန် ရန်ကုန်မြို့ ကမ္ဘာအေးရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနနှင့် တွေ့ဆုံမေးမြန်းခဲ့မှုတို့ကို ဖော်ပြလိုက်ပါသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ■


## Social Media များတွင် ရထားလက်မှတ်များကို ဝန်ဆောင်ခဖြင့် ဆောင်ရွက်ပေးနေကြောင်းတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်


စာမျက်နှာ ၁၇ သို့ »»


## သုံးခွမျိုးသန့်ခြံ၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြ

သုံးခွ ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သုံးခွအနောက်ကျေးရွာအုပ်စု၌ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ မျိုးသန့်ခြံမှ ၄ စိန်ရာကျော်၁၅ကေအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။


စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖




# ကြေးမုံ

## လူမှုစီးပွားဘဝအဆင်ပြေစေရေး ကုန်စည်ခွန်ကင်းလွတ်ခွင့်ပြုပေး

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေမှုများရှိနေရာ စက်သုံးဆီ(ဒီဇယ်ဆီ)အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များ၊ တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ် လျော့နည်းသက်သာစေရန်အတွက် ဓာတ်မြေဩဇာတင်သွင်းမှုများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုများအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်ခွန်၊ ကြိုတင်ဝင်ငွေခွန်တို့နှင့်ပတ်သက်၍ ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုပေးသည့် ကြေညာချက်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဇွန်လ ၁၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့သည်။

အခွန်ကင်းလွတ်ခွင့်ကာလ ခွင့်ပြုပေးခြင်းကို ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုပေးပြီးနောက် ဇွန်လ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုပေးခဲ့သည်။ လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုနေရသည့် ဒီဇယ်ဆီ HSD (500 ppm) ဈေးနှုန်းတည်ငြိမ်စေရန်၊ ကုန်ကျစရိတ်လျှော့ချနိုင်စေရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်၍ ဒီဇယ်ဆီ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်မြေဩဇာတင်သွင်းမှုများနှင့်ပတ်သက်၍ အခွန်ကင်းလွတ်ခွင့်များ ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့ကင်းလွတ်ခွင့်ပြုပေးခြင်းသည် ပြည်သူလူထု လူမှုစီးပွားဘဝ အဆင်ပြေစေရန်ဖြစ်သည်။

နိုင်ငံတော်အစိုးရက အခွန်ဘဏ္ဍာငွေရရှိရေးထက် ပြည်သူများအကျိုးစီးပွားကိုရှေးရှု၍ အခွန်ကင်းလွတ်ခွင့်ပြုပေးသည့်အပေါ် လုပ်ငန်းရှင်များအနေဖြင့် မိမိအကျိုးစီးပွားထက် ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒီဇယ်ဆီကင်းလွတ်ခွင့်သည် တစ်လချင်းအလိုက် နိုင်ငံတော်အစိုးရထံ ခွင့်ပြုတောင်းခံဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ပြည်သူလူထုအကျိုးကို ထိထိရောက်ရောက် အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ ဒီဇယ်ဆီဈေးနှုန်းမတက်စေရန်၊ တောင်သူလယ်သမားများနှင့် ပြည်သူများ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းပဋိပက္ခဖြစ်ပွားနေမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်း ဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေအနေ၊ အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများကို လစဉ်စိစစ်သုံးသပ်ပြီး လိုအပ်ပါက ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်လျက်ရှိသည်။ ဒီဇယ်ဆီအပေါ် အခွန်ယာယီသက်သာခွင့်ပြုခြင်းသည် အခွန်လျှော့ပေးခြင်းသာမက စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်ကျစရိတ်ကို လျှော့ချပေးခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရေးတို့အတွက် ဓာတ်မြေဩဇာများတင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေ၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်(နှစ်ရာခိုင်နှုန်း)ကို လအလိုက် ကင်းလွတ်ခွင့်ပြုပေးလျက်ရှိသည်။ ယခုအခါ အရှေ့အလယ်ပိုင်းဒေသတွင်း ပဋိပက္ခများ ပြန်လည်ဖြစ်ပွားလျက်ရှိရာ ကမ္ဘာ့စက်သုံးဆီဈေးနှုန်းနှင့် စက်သုံးဆီရရှိမှုအခြေအနေတို့အပေါ်မူတည်၍ စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ရည်တို့ကို ပြည်သူလူထု အခက်အခဲမဖြစ်စေရန်နှင့် ထိရောက်စွာအသုံးပြုနိုင်ရန် အစီအမံများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် စီမံဆောင်ရွက်နေသော မော်တော်ယာဉ်များ စက်သုံးဆီအသုံးပြုမှုအစီအစဉ်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအတွက် အဆင်ပြေချောမွေ့ပြီး အနာဂတ်စက်သုံးဆီလိုအပ်ချက်ကို လုံခြုံစိတ်ချမှုဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှု၍ စက်သုံးဆီ၊ ဓာတ်မြေဩဇာနှင့် သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်များ လအလိုက်ခွင့်ပြုပေးလျက်ရှိရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေရေး၊ ကုန်စည်ဈေးနှုန်းတည်ငြိမ်စေရေးတို့အတွက် အလေးထားစီမံဆောင်ရွက်ပေးနေသည့်အစီအမံများ အောင်မြင်ဖြစ်ထွန်းအောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၁၂-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၁၂,၆၆၆,၇၄၃.၈၂ | ၅,၀၉၈,၆၀၀.၀၀ | ၃,၂၀၉,၇၇၃.၈၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ ကတ္တရာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၆၂ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၈,၆၁၇.၀၀ ကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂,၆၂၄.၁၀ ကိုလည်း ကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဘားအံမြို့၌ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဖွင့်

**ဘားအံ ဇွန် ၁၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဆက်စပ်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ထိရောက်မှန်ကန်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဘားအံခရိုင်ဦးစီးမှူးရုံး၌ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစယဉ်ဒွေးက သင်တန်းသား သင်တန်းသူများအနေဖြင့် ဌာနမှအားကိုးအားထား ပြုထိုက်သော ဝန်ထမ်းကောင်းများ ဖြစ်အောင်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ၁၂ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၆ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၉,၅၀၀ | ၁၉,၀၀၀ | ၂,၁၅၅ | ၄၁,၇၂၂,၅၀၀ |
| MTSH | ၁၀,၀၀၀ | ၉,၈၀၀ | ၇,၆၆၂ | ၇၆,၃၂၀,၉၀၀ |
| MCB | ၁၆,၅၀၀ | ၁၆,၀၀၀ | ၇ | ၁၁၃,၀၀၀ |
| FPB | ၈,၃၀၀ | ၈,၁၀၀ | ၉၃၁ | ၇,၆၁၄,၂၀၀ |
| TMH | ၃,၇၀၀ | ၃,၆၀၀ | ၁,၀၂၉ | ၃,၇၀၆,၃၅၀ |
| EFR | ၂,၁၀၀ | ၂,၁၀၀ | ၃၂,၇၂၅ | ၆၈,၇၂၂,၅၀၀ |
| AMATA | ၄,၂၀၀ | ၄,၁၀၀ | ၆၃၁ | ၂,၅၈၇,၅၀၀ |
| MAEX | ၆,၅၀၀ | ၆,၇၀၀ | ၃,၅၂၈ | ၂၂,၇၇၇,၈၀၀ |
| MADPL(PLB) | ၈,၃၀၀ | ၇,၉၀၀ | ၅၆၁ | ၄,၅၂၉,၃၀၀ |
| ASPGB(PLB) | ၅၁,၀၀၀ | ၄၇,၀၀၀ | ၄၁၇ | ၂၀,၉၁၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

☆ နိုင်ငံတော်သမ္မတမှ
ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည် ဖြစ်ပါသည်။

**သတင်းစဉ်**

❍ ရှေ့ဖုံးမှ
ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးနားချင်းနိုင်ငံများမှ အထူးကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် ယခုကဲ့သို့ တရားဝင်ခရီးစဉ်များ လာရောက်တွေ့ဆုံခြင်းသည်လည်း မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများအပေါ်တွင် အပြည့်အဝနားလည်ပြီး မြန်မာနှင့် အာဆီယံဆက်ဆံရေး ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရန် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးလာရောက်ခြင်းဖြစ်သည်ဟု မိမိအနေဖြင့် နားလည်သဘောပေါက်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူများ၏ရွေးချယ်မှု၊ လွှတ်တော်စင်မြင့်တွင် စနစ်တကျ ရွေးကောက်တင်မြှောက်မှုများဖြင့် ဖြစ်ပေါ်လာသည့် ရွေးကောက်ခံအစိုးရတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံရေးအစိုးရအပေါ် ထောက်ခံမဲပေးခဲ့ကြသည့် ပြည်သူများ၏ဆန္ဒနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒအပေါ် မျက်ကွယ်မပြုကြရန်လိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်ကတည်းကပင်ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပြီး ငါးနှစ်တာကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိမှသာလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မည်ကို ကောင်းစွာနားလည်လက်ခံထားကြောင်း။

မိမိ၏သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမှု အခမ်းအနားတွင် လာအိုနိုင်ငံမှ အထူးကိုယ်စားလှယ်အဖွဲ့ စေလွှတ်ပေးခဲ့မှုနှင့် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရမှုအပေါ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးနားချင်းကောင်း မိတ်ဆွေရင်းနိုင်ငံ၊ ယုံကြည်စိတ်ချရသည့် ညီအစ်ကိုနိုင်ငံများဖြစ်ကြကြောင်း၊ ထို့ကြောင့် အဆွေတော်၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေရေးအတွက် များစွာအထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ အချိန်ပေး၍ ဂါရဝပြုတွေ့ဆုံခွင့်ပေးသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ဆက်ဆံရေးကို ပိုမိုအကျိုးသက်ရောက်မှုများရှိမည် ဖြစ်ပါကြောင်း၊ မိမိတို့သမ္မတကြီးအနေဖြင့် အဆွေတော်သမ္မတကြီးကို နှုတ်ခွန်းဆက်စကား ပါးလိုက်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ကြပြီး ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ တူညီကာ နှစ်ပေါင်း ၇၀ ကျော် ကာလရှည်ကြာသည့်တိုင်အောင် ချစ်ကြည်ရင်းနှီးကြသည့်နိုင်ငံများပင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် အဆွေတော်အနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရမှုအပေါ်တွင်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့လာအိုနိုင်ငံသမ္မတကြီးက အဆွေတော်သမ္မတကြီးအား လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်လာရောက်နိုင်ရေးအတွက် ဖိတ်ကြားလွှာကိုလည်း လက်ရောက်ပေးအပ်လိုပါကြောင်းနှင့် အဆိုပါခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ အာဆီယံနိုင်ငံများအကြား အချင်းချင်းဆက်ဆံမှုတို့ကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ ရွေးကောက်ခံအစိုးရ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် မားမားမတ်မတ် ရပ်တည်ထောက်ခံလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ရမှုအပေါ်တွင်လည်း များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဆွေးနွေးပြောကြားသည်။

**❖ နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံ့ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခဲ့မှု အခြေအနေများ၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်ဆံမှု အခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် အာဆီယံ ဘုံသဘောတူညီချက်(၅)ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ရွေးကောက်ခံအစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများအပေါ် လာအိုနိုင်ငံအနေဖြင့် အပြည့်အဝနားလည်မှုရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွရင်ဆိုင်ကျော်လွှားပြီး အပြန်အလှန်ကူညီဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE နှင့် ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




❖ သုံးခွမျိုးသန့်ခြံမှ
ဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်ကျော်က မျိုးသန့်ခြံမန်နေဂျာ ဦးအောင်ရဲထွဋ်နှင့်အခမ်းအနားတက်ရောက်လာသူများထံသို့ ငစိန်ရာကျော် မျိုးစပါးများကို ပေးအပ်ခဲ့ပြီး သုံးခွမျိုးသန့်ခြံ၌ စိုက်ပျိုးမြေ ၁၅ ဧကအတွင်း မျိုးကောင်း၊ မျိုးသန့် အထွက်ကောင်း ရက် ၁၅၀ ငစိန်ရာကျော်စပါးအား ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးမောင်မောင်သင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် လှူဒါန်းသည့်စာအုပ်များ လက်ခံ



နေပြည်တော် ဇွန် ၁၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦးက ပေးအပ်လှူဒါန်းသည့် ၂၀၂၂ ခုနှစ်၊ အမျိုးသားစာပေဆု (နိုင်ငံရေး) ဆုရစာအုပ်ဖြစ်သည့် စာရေးဆရာ သက်နိုင်ဦး (ကျည်ကာ) ကလောင်အမည်ဖြင့် ရေးသားထားသော "တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်း မြေပုံကျမ်း" စာအုပ် ၄၅၀ ကို လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနှင့် လာအို နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Thongsavan PHOMVIHANE နှင့် ဇနီးတို့သည် ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံသို့ တရားဝင်ခရီးစဉ်လာရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပသည်။




ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့က မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ကာလကြာရှည်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရှိရင်းစွဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုယန္တရားများ ပြန်လည်စတင်နိုင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အွန်လိုင်းလိမ်လည်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရချင်း၊ လွှတ်တော်ချင်းသာမက ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်ရေး၊ ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ အလုပ်သမားနှင့် အားကစားကဏ္ဍအပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မြန်မာနှင့် လာအိုနိုင်ငံတို့တွင် အစိုးရသစ်များ အသီးသီး စတင်တာဝန်ယူသည့် အချိန်ဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အဆင့် (LDCs) မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုများ အောင်မြင်စေရန် ဆုတောင်းကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်ခြင်းဖြင့် မြန်မာနိုင်ငံအပေါ် ထောက်ခံမှုပြသသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနှင့် လာအိုတို့သည် အာဆီယံသို့ တစ်ချိန်တည်းအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည့်နိုင်ငံများဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင် ထောက်ခံရပ်တည်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်သွားလိုကြောင်း၊ နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ခြင်းနှင့် နယ်စပ်ကုန်သွယ်မှုတိုးမြှင့်လိုကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများမှတစ်ဆင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ အာဆီယံဆိုင်ရာကိစ္စရပ်များတွင် စည်းလုံးညီညွတ်မှုကိုအခြေခံ၍ မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအဆင့်နှင့် အာဆီယံ၊ GMS၊ CLMV နှင့် အခြားဒေသဆိုင်ရာအဆင့်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် Park Royal ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

**■ နေရာကွက်မိုးကြီးမှုမှ**

**ဒေါက်တာ မေခင်ချော (မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး)**

မိုးရာသီ စတင်ဝင်ရောက်ချိန်မှာ အနောက်တောင်မုတ်သုံလေဟာ ဇွန်လ ၄ ရက်နေ့ကစပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို လွှမ်းခြုံသွားပြီလို့ ဆိုရမှာပါ။ မိုးဦးကာလဖြစ်တဲ့အတွက် မုတ်သုံလေ အားကောင်းတတ်ပါတယ်။ အခုလက်ရှိ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ မုတ်သုံလေအားကောင်းမှုကြောင့် အားကောင်းကောင်းနဲ့ မိုးရွာသွန်းနေတာကို တွေ့ရှိရပါတယ်။ ဇွန်လ ၁၁ ရက်နေ့က ဆိုရင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့မှာ မိုးရေချိန် ၃၉ မီလီမီတာ၊ သန်လျင်မှာဆိုရင် ၃၅ မီလီမီတာ၊ ကမ္ဘာအေးမှာ ၅ မီလီမီတာ၊ မှော်ဘီမှာ ၃၄ မီလီမီတာ စသဖြင့် ပျံ့နှံ့စွာရွာသွန်းခဲ့တာကို တွေ့ရပါတယ်။ ဘင်္ဂလားပင်လယ်အော်ကို ကြည့်မယ်ဆိုရင် မုတ်သုံလေ အားအလွန်ကောင်းနေတာကို တွေ့ရပါတယ်။ မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ မုတ်သုံလေ အားကောင်းတဲ့အတွက် မိုးသက်လေပြင်း ကျရောက်ပြီး ရံဖန်ရံခါ ကိုးပေကနေ ၁၁ ပေခန့်အထိ လှိုင်းကြီးနိုင်တယ်လို့ ထုတ်ပြန်ထားပါတယ်။



ဒေါက်တာ မေခင်ချော

အခုလာမယ့် ဇွန်လ ၁၇ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးမှာ မိုးများနေမယ်လို့ ခန့်မှန်းတွက်ချက်လို့ ရပါတယ်။ တစ်ရက်ကို မိုးရေချိန် ၃ လက်မကနေ ၄ လက်မနီးပါး ရန်ကုန်မြို့မှာ ရွာသွန်းနိုင်ခြေရှိပါတယ်။ ဇွန်လ ၁၂ ရက်နေ့မှာ မိုးရေချိန် ၃ လက်မခန့် ရွာသွန်းပြီး ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်နေ့တွေမှာ ၄ လက်မနီးပါးအထိ ရွာသွန်းနိုင်ပြီး နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။ မြစ်ဝကျွန်းပေါ်နဲ့ ရန်ကုန်ဧရိယာတစ်ဝိုက် ကမ်းခြေတွေမှာ ဇွန်လ ၁၄ ရက်နေ့အထိ ကိုးပေကျော် ၁၀ ပေနီးပါးအထိ လှိုင်းကြီးနိုင်ပါတယ်။ မိုးတိမ်တောင်ကြောင့် မိုးသက်လေပြင်းကျပြီး မိုးကြိုးပစ်တဲ့အန္တရာယ်တွေလည်း ကြုံတွေ့ရနိုင်ပါတယ်။

ပင်လယ်ပြင်ကနေ ဒီရေတက်တဲ့အချိန် လပြည့်/လကွယ် ပြီးလို့ ၁ ရက်၊ ၂ ရက်ဆိုရင် ဒီရေဟာ အမြင့်ဆုံးတက်တတ်ပါတယ်။ ဒီလိုအခြေအနေမှာ မိုးရွာသွန်းမှုများခဲ့ရင်သတိပြုဖို့လိုပါတယ်။ အခုလာမယ့် နယုန်လကွယ်နေ့ ဇွန်လ ၁၄ ရက်နေ့ ပြီးလို့ ၁၅ ရက်ကနေ ၁၇ ရက်ဆိုရင် ဒီရေ အမြင့်ဆုံးအခြေအနေကို ရောက်လာမှာပါ။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကလည်း ဒီရေတက်နိုင်ဖွယ်ရှိတယ်လို့ ထုတ်ပြန်ကြေညာထားတာရှိပါတယ်။ ဒီလိုအခြေအနေမှာ မိုးကလည်း သည်းထန်စွာ ရွာသွန်းမယ်ဆိုရင် မြစ်၊ ချောင်းတွေကနေ ပင်လယ်ထဲကို တိုက်ရိုက်စီးဆင်းရမယ့် ရေဟာ ဒီရေခံနေတဲ့အတွက် ကမ်းနားတစ်လျှောက်နဲ့ မြေနိမ့်ပိုင်းတွေ ရေလွှမ်းတဲ့ဘေးအန္တရာယ်ရှိနိုင်ပါတယ်။ မုတ်သုံလေကြောင့် ကမ်းနားဒေသတွေမှာ လှိုင်းကြီးနိုင်တဲ့အတွက် မိုးလေဝသနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထုတ်ပြန်တဲ့ ဒီရေအခြေအနေကိုလည်း သတိပြုနားထောင်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတွေကို လုပ်ဆောင်သင့်ပါတယ်။

ရန်ကုန်မြို့တွင်းမှာရှိတဲ့ မြစ်၊ ချောင်းနဲ့ မြောင်းတွေ ပိတ်ဆို့မှုမရှိအောင် ပြည်သူတွေအနေနဲ့ အမှိုက်ကိုစနစ်တကျ စွန့်ပစ်ကြဖို့လိုပါတယ်။ အထူးသဖြင့် ပြည်သူလူထုအနေနဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းကို လိုက်နာဖို့လိုပါတယ်။ ဒါမှသာ ရေကြီးရေလျှံတဲ့ဖြစ်စဉ်ကို လျော့ပါးသက်သာစေမှာပါ။ အထူးသဖြင့် မြစ်ချောင်းတွေ ရေစီးရေလာကောင်းအောင် စီမံဆောင်ရွက်ထားမယ်ဆိုရင် ရေလွှမ်းမိုးမှု လျော့နည်းစေမှာဖြစ်ပါတယ်။

အယ်လ်နီညိုဟာ ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်းမှာဖြစ်ပေါ်တဲ့ အခြေအနေတစ်ခုပါ။ ပစိဖိတ်သမုဒ္ဒရာရဲ့အလယ်ပိုင်း ရေပြင် နီနို ၃ ဒသမ ၄ ဧရိယာက အပူချိန်ကိုတိုင်းတာပြီး အယ်လ်နီညိုအခြေအနေကို စောင့်ကြည့်ရတာဖြစ်ပါတယ်။ မနေ့ကပဲ အယ်လ်နီညိုဖြစ်စဉ်ကို ဒုတိယအကြိမ် ထုတ်ပြန်ထားပါတယ်။ လက်ရှိမှာ အယ်လ်နီညိုက အားအနည်းငယ်ပဲ ရှိနေပါတယ်။ နှစ်ကုန်ပိုင်းမှာ အားကောင်းတဲ့ အခြေအနေကို ရောက်ရှိလာနိုင်ပါတယ်။ အယ်လ်နီညိုဆိုတာ ပစိဖိတ်သမုဒ္ဒရာ တောင်အမေရိကတိုက်ရဲ့ ကမ်းခြေတွေမှာ ဖြစ်ပေါ်တာပါ။ ပင်လယ်ရေမျက်နှာပြင်မှာ မူလစီးနေတဲ့ ရေအေးစီးကြောင်းနေရာမှာ ရေနွေးစီးကြောင်းတွေ စီးဆင်းပြီး ပင်လယ်မျက်နှာပြင်ဟာ ပူနွေးတဲ့အတွက် လေထုထဲက ဆဲလ်တွေ ပြောင်းလဲလာပြီး ပုံမှန်မိုးရွာရမယ့်နေရာတွေမှာ မိုးမရွာဘဲ မိုးခေါင်မှုတွေဖြစ်ပေါ်တာ၊ မိုးများတဲ့နေရာတွေဖြစ်ပေါ်တာ၊ ပူပြင်းခြောက်သွေ့မှုတွေ ဖြစ်ပေါ်တာ စသဖြင့် ဖြစ်ပေါ်တာကို အယ်လ်နီညိုဖြစ်ပေါ်တာလို့ ဆိုလိုပါတယ်။ အယ်လ်နီညိုဖြစ်စဉ်ဟာ စတင်ဖြစ်ပေါ်နေပေမယ့် မြန်မာပြည်ကို ချက်ချင်းမရောက်လာပါဘူး။ နှစ်ကုန်ပိုင်းမှာ ရောက်လာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဆောင်းကာလ အအေးပေါ့တာ၊ နွေကာလမှာ ပိုပြီးပူပြင်းတာတို့ ကြုံတွေ့ရနိုင်ပါတယ်။ အယ်လ်နီညိုကျရောက်ပြီဆိုရင် မိုးရွာသွန်းမှု လျော့နည်းတာ၊ မိုးမမှန်တာ၊ အပူများတာ၊ မိုးခေါင်တာ၊ စိုက်ပျိုးရေနဲ့ သောက်သုံးရေ ရှားပါးတာ ကြုံတွေ့ရနိုင်ပါတယ်။ လက်ရှိမှာတော့ မြန်မာပြည်ကို အယ်လ်နီညို သက်ရောက်မှု မရှိသေးပါဘူး။

ဒီကာလမှာ ထူးကဲဒီရေကို ကြေညာထားတဲ့အတွက် ပြည်သူများအနေနဲ့ သွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ နေရေးထိုင်ရေးကို သတိပြုဖို့လိုပါတယ်။ ချောင်းတွေ၊ မြောင်းတွေမှာလည်း ရေပြည့်ရေလျှံမှုမဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်ထားပြီး မိုးလေဝသသတင်းကို ဂရုစိုက်နားထောင်ရင်းနဲ့ လိုအပ်တဲ့အစီအမံတွေ ဆောင်ရွက်ထားကြဖို့ ပြောကြားလိုပါတယ်။

**အင်တာဗျူး – သစ္စာ(mna)**

**ဓာတ်ပုံ – ဇွဲမာန်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

## နိုင်ငံတော်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံများမှ အသုံးပြုလျက်ရှိသော ဆေးဝါးကုန်ကြမ်း ၃၆၅ မျိုးအား ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၈ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၁၅ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ကမာရွတ်မဲဆန္ဒနယ်မှ ဦးကိုကိုသင်း၏ **အခြေခံလူထုစားသောက်ကုန်နှင့် ဆေးဝါးများအပေါ် သွင်းကုန်အခွန်လျှော့ချပေးရန်နှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ထိရောက်သောမူဝါဒမျိုးချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ဒေသကုန်ထုတ်လုပ်သူများကို မည်သို့ ထိရောက်သည့်မူဝါဒများနှင့် ပံ့ပိုးသွားမည်ကိုသိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ အသား၊ ငါး၊ ဥအမျိုးမျိုး စသည့် အခြေခံစားသောက်ကုန်များ၊ အိမ်သုံးဆေးဝါး၊ လူသုံးဆေးဝါး၊ တိုင်းရင်းဆေးဝါး စသည့် ဆေးဝါးအမျိုးမျိုးအပါအဝင် ပြည်သူလူထုအတွက် အခြေခံလိုအပ်သည့် ကုန်စည် Essential Goods ၄၆ အုပ်စုနှင့် ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး စသည့်အခြေခံဝန်ဆောင်မှု Essential Supplies ၃၄ အုပ်စုတို့ကို ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားပါကြောင်း။

အခြေခံအိမ်သုံးဆေးဝါးများအား အခွန်ကင်းလွတ်ခွင့် သတ်မှတ်ပြဋ္ဌာန်းထားပြီး အဆိုပါဆေးဝါးများမှအပ ကျန်ဆေးဝါးများအား အကောက်ခွန်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် သတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့်ကုန်စည်အမျိုးအစားများတွင် ပြည်တွင်းဆေးဝါးထုတ်လုပ်မှုတိုးတက်ဖွံ့ဖြိုးစေရန်နှင့် ဆေးဝါးထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ပြီး ဆေးဝါးဈေးနှုန်းများ ကျဆင်းရန်အတွက် ဆေးဝါးကုန်ကြမ်း ၄၅၄ မျိုးအား ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ရာ နိုင်ငံတော်ပိုင် မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံများမှ အသုံးပြုလျက်ရှိသော ဆေးဝါးကုန်ကြမ်း ၃၆၅ မျိုးအား ထပ်မံထည့်သွင်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံစားကုန်များ၏ နေ့စဉ်ဈေးနှုန်း ဖြစ်ပေါ်နေမှုနှင့် ကုန်စည်စီးဆင်းမှုများကို စိစစ်သုံးသပ်၍ ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပသွင်းကုန် လျှော့ချပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်စေရန်အတွက် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ရေရှည်ရှင်သန်တိုးတက်စေရန်နှင့် သွင်းကုန်အစားထိုး၍ ပြည်ပသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်စေရေး နိုင်ငံတော်မှ MSME လုပ်ငန်းရှင်များကို ဘဏ်များနှင့် ချိတ်ဆက်၍ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများရရှိစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ နန်းသန်းသန်းမွေး၏ **ရှမ်းပြည်နယ် စစ်ဘေးရှောင်များ ယာယီနေအိမ်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မှတ်ပုံတင်လျှောက်ရာတွင် လဝကမှ ၎င်းတို့နေထိုင်ရာ မြို့ထောက်ခံစာများရယူပေးရန်နှင့်စပ်လျဉ်း၍ စစ်ဘေးရှောင်များ၏ ဘဝကို ကူညီပေးရန် အစီအစဉ်ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက ဦးစားပေးအစီအစဉ် ဆောင်ရွက်ပေးစေလိုကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်မြောက်ပိုင်းဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသူများ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် နားခိုရာနေရာများဖန်တီးဆောင်ရွက်ပေးခြင်း၊ စားရေရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် NGO၊ INGO အဖွဲ့များဖြင့် ပေါင်းစပ်ကူညီဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ယာယီနေရပ်စွန့်ခွာသူများ စားဝတ်နေရေးပြေလည်စေရန် ကျွမ်းကျင်သည့် အလုပ်အကိုင်အလိုက် ဒေသတွင်းအလုပ်အကိုင်ရရှိရေး စီမံဖန်တီးခြင်းအပြင် နိုင်ငံတော်မှတစ်ဦးလျှင် တစ်လကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စုစုပေါင်းငွေကျပ် ၁၁ ဒသမ ၅၉ ဘီလီယံကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလစာရင်းအရ ယာယီနေရပ်စွန့်ခွာသူ ၈၂၉၇ ဦး သာကျန်ရှိပါကြောင်း၊ ကျန်ရှိသူများလည်း မကြာမီ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်အခြေချတော့မည်ဖြစ်ပါကြောင်း။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံရေးအခြေအနေအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်ဦးစီးမှူးရုံး ၁၂ ရုံးအား မူလဒေသများတွင် ဖွင့်လှစ်နိုင်ခြင်းမရှိချိန်တွင် တောင်ကြီးမြို့ ဆရာဝန်ကြီးများအသင်းတိုက်တွင်(ယာယီ)ရုံးများ ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားစိစစ်ရေးကတ်ပြား သက်ပြည့်လဲလှယ်၊ ပျောက်ဆုံး၊ ပျက်စီးမိတ္တူလျှောက်ထားသူ စုစုပေါင်း ၉၈၄၃ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၇၉ စု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် လုံခြုံရေးပြန်လည်ကောင်းမွန်လာ၍ တောင်ကြီးမြို့နယ်တွင် ဖွင့်လှစ်ထားသည့် ဒုတိယပြည်နယ်ဦးစီးမှူးရုံး (လားရှိုး)အပါအဝင် လားရှိုးခရိုင်၊ လားရှိုး၊ ကွမ်းလုံ၊ သိန္နီနှင့် ကွတ်ခိုင်မြို့နယ်ရုံးတို့ကို လားရှိုးမြို့၌လည်းကောင်း၊ နမ္မတူမြို့နယ်ရုံးကို သီပေါမြို့နယ်၌လည်းကောင်း ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပင်လောင်းမြို့နယ်တွင် အများဆုံးနေထိုင်သော ဖယ်ခုံမြို့နယ်မှ ပြည်သူများ အခက်အခဲမရှိအဆင်ပြေစေရန်အတွက် ဖယ်ခုံမြို့နယ်(ယာယီ)ရုံးအား ပင်လောင်းမြို့နယ်၌ ဖွင့်လှစ်ခဲ့ပြီး ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဖယ်ခုံမြို့နယ် လုံခြုံရေးအခြေအနေပြန်လည်ကောင်းမွန်လာသည့်အတွက် ဖယ်ခုံမြို့နယ်ဦးစီးမှူးရုံးအား ဖယ်ခုံမြို့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံသားလုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာအုပ်စုသို့ ပြန်လည်ရောက်ရှိသည့် စစ်ဘေးရှောင်ပြည်သူများအား (၃)ရပ်ကွက် သာသနာ့လင်္ကာရ ဘုန်းတော်ကြီးကျောင်းတွင် လက်ခံထားရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းအား ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

မိုင်းကိုင်မြို့နယ်သည် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိသည့်ဒေသဖြစ်၍ မြို့နယ်ဦးစီးမှူးရုံးအား မူလနေရာတွင်ပင် ဖွင့်လှစ်ထားရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စစ်ဘေးရှောင်ပြည်သူများ လက်ရှိနေထိုင်ရာဒေသတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားပါက e-ID Server အတွင်း ဖြည့်သွင်းထားသည့် ၎င်းတို့၏ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ် မှန်/မမှန်၊ ကိုယ်ရေးအချက်အလက် မှန်/မမှန် ဦးစွာတိုက်ဆိုင်စိစစ်ပြီး မှန်ကန်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကောက်ခံသော အခွန်အခငွေနှုန်းထားများသည် ခေတ်စနစ်အခြေအနေတို့နှင့် ကိုက်ညီခြင်းမရှိသည့်အတွက် သင့်တော်သည့် နှုန်းထားများဖြင့် ပြင်ဆင်သတ်မှတ်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာလုပ်ထုံးလုပ်နည်းများပါ အခကြေးငွေနှင့် ဒဏ်ကြေးများအား ပြင်ဆင်ရန်လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ခွင့်ပြုနိုင်ပါရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ ပြန်လည်တင်ပြခဲ့ပါကြောင်း။

ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ပြုရန် မရှိပါကြောင်း ပြန်ကြားစာရရှိပြီးဖြစ်ပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အတုပြုလုပ်သူ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီသူ၊ ကတ်ပြားအတု သုံးစွဲသူများအား ထိရောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက် ယခုအစိုးရအသစ်လက်ထက်တွင် မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသားဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ဧည့်နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ လုပ်ထုံးလုပ်နည်းများပါ အခကြေးငွေ၊ ဒဏ်ကြေးငွေများအား ဆက်လက်ပြင်ဆင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှဦးနေလင်းအောင်၏ **နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုစာရင်းများအား ပေါင်နှံခြင်း၊ အာမခံထားခြင်းတို့သည် တရားမဝင်ကြောင်း ကြေညာချက်၊ ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန်နှင့် ပေါင်နှံလက်ခံသူ၊ အာမခံလက်ခံသူများအား အရေးယူဆောင်ရွက်ပေးနိုင်ရေးရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဧည့်နိုင်ငံသားလက်မှတ်နှင့် စိစစ်ရေးကတ်ပြား၊ နိုင်ငံသားပြုခွင့်လက်မှတ်နှင့် စိစစ်ရေးကတ်ပြားသည် မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံထားခြင်းဖြစ်သည့်အတွက် စနစ်တကျကိုင်ဆောင်ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ အခြားသူတစ်ဦးအား လွှဲပြောင်းပေးအပ်ခြင်း မပြုလုပ်ရန်နှင့် မသက်ဆိုင်သူမှ ကောက်ယူရရှိသည့်အခါ အနီးဆုံးရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် အနီးဆုံး မြို့နယ် လဝကရုံးသို့ အမြန်ဆုံး ပေးအပ်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က ထုတ်ပေးထားသည့် မှတ်တမ်းအထောက်အထားများအား ကိုယ်ကျိုးစီးပွားအတွက် မသက်ဆိုင်သူများလက်ဝယ်သို့ ပေးအပ်၍ ကိုင်ဆောင်အသုံးပြုစေခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် အလွဲသုံးစားပြုလုပ်၍ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ မသက်ဆိုင်သူများကလည်း တရားမဝင်သိမ်းဆည်းခြင်းတို့ ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် ထပ်မံထုတ်ပြန်ရန်မရှိပါကြောင်းနှင့် ထိုကဲ့သို့ပြုလုပ်ပါက အချက်အလက်နှင့်တကွ သတင်းပေးတိုင်ကြားနိုင်ပြီး ဆောင်ရွက်သူများအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ်ရှိ ညောင်ကျိုး–မဲဇလီကုန်း ဆက်သွယ်ရေးကျောက်ကြမ်းခင်းလမ်းအား ကျောက်ချောခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင်သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက အင်္ဂပူမြို့နယ် ညောင်ကျိုး–မဲဇလီကုန်း

**စာမျက်နှာ ၆ သို့** ☆



☆ စာမျက်နှာ ၅ မှ

ကျောက်ကြမ်းခင်းလမ်းသည် အရှည် ၁၃ မိုင် ၁ ဖာလုံရှိပြီး ညောင်ကျိုးမှ အိုးကွဲအထိ ၂ မိုင် ၄ ဖာလုံ ကွန်ကရစ်လမ်းနှင့် ဆင်သေမှ မဲဇလီကုန်းအထိ အရှည် ၅ မိုင် ကျောက်ချောလမ်းတို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ အိုးကွဲမှ ဆင်သေအထိ လမ်းအရှည် ၅ မိုင် ၅ ဖာလုံမှာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း။

ညောင်ကျိုးမှ ၄ မိုင် ၂ ဖာလုံရှိ ဘူးကွဲတောင် တံတားနှင့် ၅ မိုင် ၅ ဖာလုံရှိ ယက္ကန်းစင်သစ်သား တံတားသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပိုင် တံတားများဖြစ်ပါကြောင်း၊ ညောင်ကျိုး-မဲဇလီကုန်း ဆက်သွယ်ရေးလမ်း ၁၃ မိုင် ၅ ဖာလုံအနက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်း ၅ မိုင် ကျော်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန်နှင့် ၎င်းလမ်းပေါ်ရှိ ယက္ကန်းစင်သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **အုတ်ဖိုမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာသို့ ရန်ကုန်-ပြည်လမ်းမှ ရာသီမရွေးသွားလာ အသုံးပြုနိုင်သည့် အမာခံလမ်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရန်ကုန်-ပြည်လမ်းမှ ထောက်ကြံ့ကွင်းရွာအဝင်လမ်းသည် အရှည် ၁ မိုင် ၄ ဖာလုံရှိ ဂဝံလမ်းဖြစ်ပြီး ယခုအခါ ပျက်စီးလျက်ရှိပါကြောင်း၊ အဆိုပါလမ်းသည် Class(A) အဆင့်လမ်းဖြစ်ပြီး ဂဝံခင်းခြင်းလုပ်ငန်းအား ပြည်ထောင်စု(သို့) တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ဒလမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု ၂၃ စုရှိ ကျေးရွာများမှ မြို့သို့ ဆက်သွယ်သွားလာသောလမ်းများအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက တွံတေး ခရိုင် ဒလမြို့နယ်သည် ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိပြီး ကျေးလက်လမ်း မိုင်ပေါင်း ၅၅ မိုင်ကျော်ရှိပါကြောင်း၊ ရာသီမရွေးသွားလာနိုင်သော လမ်းမိုင် ၃၄ မိုင်ကျော်ရှိပြီး နွေရာသီသာသွားလာနိုင်သော လမ်းမိုင် ၂၁ မိုင်ကျော်ရှိပါကြောင်း၊ ဒလမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ၂၀၂၃ ခုနှစ်တွင် လွှဲပြောင်းရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်မှစ၍ ကွန်ကရစ်လမ်း ၄ မိုင် ၆ ဒသမ ၅၅ ဖာလုံ၊ ကျောက်လမ်း ၄ ဒသမ ၆၉ ဖာလုံနှင့် တံတား ၅၂ ပေတစ်စင်း၊ ၅' Box Culvert နှစ်ခုအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၁ မိုင် ၅ ဒသမ ၂၇ ဖာလုံ၊ ကျောက်လမ်း ၁ မိုင် ၂ ဖာလုံ၊ ၁၅ မီတာ ကွန်ကရစ်တံတားတစ်စင်း၊ ၁၂ မီတာ ကွန်ကရစ်တံတားတစ်စင်း၊ ၂၀' Box Culvert သုံးခု၊ ၁၀' Box Culvert တစ်စင်းနှင့် ၅' Box Culvert နှစ်ခုအား အဆင့်မြှင့်တင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ရရှိရန်ပုံငွေပေါ်မူတည်၍ အကျိုးပြုနှုန်းအလိုက် ဦးစားပေးလျာထား တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် ပုပ္ပါးကျေးရွာအဝင် တံတားသည် ကြံ့ခိုင်မှုမရှိတော့ပါသဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် RC ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပုပ္ပါးကျေးရွာအဝင် မူလတံတားအဟောင်း အလျား ၁၅ ပေ၊ အနံ ၁၂ ပေကို ၁၉၈၇ ခုနှစ်၌ ကျေးရွာနေ ပြည်သူများက ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါတွင် တံတားအလယ်၌ ခိုင်ခံ့မှုမရှိတော့ဘဲ ကွေးညွှတ်ခြင်း၊ ကမ်းကပ်ခုံနှစ်ဖက်နှင့် ရေလယ်တိုင်များ အက်ကွဲခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် သံကူကွန်ကရစ်(RC) တံတားအသစ် (၂၀ x ၁၄)ပေ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရရှိရန်ပုံငွေဖြင့် အကျိုးပြုနှုန်းအလိုက် ဦးစားပေးလျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာသို့ ကိုးမိုင်ခန့်ကတ္တရာခင်းခြင်း ပြုလုပ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိနှင့် မရှိပါက ဦးစားပေးအစီအစဉ်အား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာမှ ကျိုင်းခမ်းကျေးရွာအထိ ကိုးမိုင် အရှည်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ပြည်နယ်ရန်ပုံငွေဖြင့် မြေလမ်းမှ ၁၆ ပေအကျယ် ကျောက်လမ်းခင်းခြင်း ငါးဖာလုံ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြေလမ်းအဆင့်ကျန်ရှိသည့် လမ်းပိုင်းများအား ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျောက်ချောလမ်းခင်းခြင်းနှင့် လိုအပ်သည့်နေရာများတွင် တံတား/ရေပြွန်များ တည်ဆောက်ခြင်း၊ လက်ရှိသစ်သားတံတားသုံးစင်းအား သံကူကွန်ကရစ် တံတားအဆင့် တိုးမြှင့်တည်ဆောက်ခြင်းနှင့် ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်ရန်ပုံငွေတွင် လျာထား၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်းမြို့နယ် သာရဝေါမှ ဟင်္သာတမြို့နယ်သို့ ကား၊ ရထားကူးသန်းနိုင်မည့် မြစ်ကူးတံတားကြီး တစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိအခြေအနေတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးတွင် ဧရာဝတီတံတား (သရက်-အောင်လံ)နှင့် ကချင်ပြည်နယ်တွင် ဧရာဝတီတံတားအသစ်(ဗလမင်းထင်)တို့ကို အပြီးတည်ဆောက်ရမည်ဖြစ်သည့်အပြင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ တံတားများအား ပြန်လည်တည်ဆောက်ခြင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တံတားစုစုပေါင်း ၁၁၅ စင်း၊ ပြုပြင်ဆဲတံတားခြောက်စင်း၊ ပြုပြင်ရန်ကျန်တံတား ၈၃ စင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိ လတ်တလောအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညိုမြို့နယ် သက္ကယ်တန်းကျေးရွာ လက်ပံနှစ်ပင်နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ငပိဆိပ်ကျောက်စရစ်ကုန်းကြား ဧရာဝတီမြစ်ကူးတံတား ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုအခါ ဧရာဝတီတံတား (သရက်-အောင်လံ)နှင့် ဧရာဝတီတံတားအသစ်(ဗလမင်းထင်)တို့ကို အပြီးတည်ဆောက်လျက်ရှိပြီး ဧရာဝတီမြစ်ကူးတံတား (ရတနာသိင်္ခ) ပျက်စီးသွားသည့် အပိုင်းများကို ပြန်လည်ပြုပြင်ခြင်း၊ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ တံတားများ၊ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တံတားများ၊ ပြုပြင်ဆဲတံတားများနှင့် ပြုပြင်ရန်ကျန်တံတားများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လတ်တလောတွင် ငပိဆိပ်ကျောက်စရစ်ကုန်းအကြား ဧရာဝတီမြစ်ကူးတံတားအား မဆောင်ရွက်သင့်သေးပါကြောင်း ပြန်လည်ဖြေကြား သည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့ ဆင်သေ-ပင်လောင်း(မီးရထား) လမ်းဟောင်းမြေနေရာဖြစ်သည့် မြို့အဝင် တိုးဂိတ်အနီးမှ ရန်ကုန်-တောင်ငူ-မန္တလေးကားလမ်း(လမ်းဟောင်း) ၁၄ မိုင်သို့ တပ်ကုန်းမြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်နိုင်ရေး ရေတို၊ ရေရှည်အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ရှိ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းသည် နိုင်ငံတကာဆက်သွယ်ရေး လမ်းမကြီးဖြစ်ပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက်မှာ ပေ ၂၃၀ အကျယ်ဖြစ်ပါကြောင်း၊ ညောင်လွန့်-သရက်ပင်-ပေတောလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းဖြစ်ပြီး လက်ရှိလမ်းနယ်နိမိတ် အကျယ်မှာပေ၃၀သာရှိသောကျေးရွာချင်းဆက်လမ်း အဆင့်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းအူကြောင်းအတိုင်း တပ်ကုန်းမြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်မည်ဆိုပါက သတ်မှတ်လမ်း နယ်နိမိတ်အကျယ်ရရှိရန်အတွက် စိုက်ပျိုးမြေများ၊ လယ်ယာမြေများနှင့် လူနေထိုင်မှုရှိသော မြေများအား မြေယာလျော်ကြေးများပေးရန် လိုအပ်မည်ဖြစ်သည့်အပြင် ကျေးရွာများအား ဖြတ်သန်းသွားသည့် လမ်းအူကြောင်းဖြစ်၍ လူနေအိမ်ခြေများစွာ တည်ရှိပါသဖြင့် အိမ်ရာအဆောက်အအုံများ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တပ်ကုန်းမြို့ရှောင်လမ်း ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ပိုမိုတိုတောင်းသော လမ်းအူကြောင်းဖြစ်သည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ ၂၄၉/၂ မိုင်မှ ဆင်သေ-ပင်လောင်းမီးရထားလမ်းအတိုင်း ၃ မိုင် ၂ ဖာလုံခန့်ရှိ ဇျိုင်းအင်းကျေးရွာ၊ ထိုမှတစ်ဆင့် ၃ မိုင် ၁ ဖာလုံခန့်အတိုင်း ဆက်လက်၍ လမ်းအူကြောင်း လျာထားပြီး ရန်ကုန်-တောင်ငူ-မန္တလေးလမ်း၏ ၂၅၃/၅ မိုင်အနီးသို့ ပြန်လည်ဝင်ရောက်အဆုံးသတ်မည်ဆိုပါက လမ်းအရှည်မှာ ၆ မိုင် ၃ ဖာလုံခန့်ရှိမည်ဖြစ်ပါကြောင်း၊ လမ်းဦးစီးဌာနအနေဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်ပြီးမှသာ ရလဒ်ပေါ်မူတည်၍ စီမံကိန်းဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိပါက ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့ကလွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၊ အတွင်းရေးမှူးအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့အသိပေး ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၊ အတွင်းရေးမှူးအဖြစ် မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးစိုးနိုင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့အသိပေးကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့က လွှတ်တော်သို့အသိပေးတင်ပြခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၊ အတွင်းရေးမှူးအဖြစ် သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယမန်နေ့ကလွှတ်တော်သို့ အသိပေးတင်ပြခဲ့သည့် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက် ရယူပြီး ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကနီမဲဆန္ဒနယ်မှ ဦးညာဏ်ထွန်း၊ အတွင်းရေးမှူးအဖြစ် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် မိုင်းတုံမဲဆန္ဒနယ်မှ ဦးထင်အောင်ရိုန်နှင့် အတွင်းရေးမှူးအဖြစ် ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် လှိုင်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင့်နှင့် အတွင်းရေးမှူးအဖြစ် ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဒေါက်တာထွန်းထွန်းဝင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်းနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်နှင့် အတွင်းရေးမှူးအဖြစ် ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သွင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို ဇွန် ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်းကြေညာ

နေပြည်တော် ဇွန် ၁၂

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၉ ဦးစလုံး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ရေငန်တား ကျွန်းပတ်တာများမှ လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွတ်ကျွန်း အပိုင်း(၁)နှင့် အပိုင်း(၃)ရှိ ရေတံခါးများ ပြင်ပရေငန်များ ဝင်ရောက်မှုရှိနေသောကြောင့် ပြုပြင်ပေးရန် သို့မဟုတ် အသစ်တည်ဆောက်ပေးရန်နှင့် အဆိုပါရေငန်တားကျွန်းပတ်တာများအတွင်းရှိချောင်းကော၊ မြောင်းကောများကို ဘဏ္ဍာရေးနှစ်အလိုက် အစီအစဉ်များ ရေးဆွဲပြီး ဦးစားပေးအစီအစဉ်အတိုင်း တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွတ်ကျွန်းအပိုင်း(၁)၊ ဘီတွတ်ကျွန်းအပိုင်း(၃)အတွင်းရှိရေတံခါး စုစုပေါင်း(၂၁)လုံးအနက် (၇)လုံးအား ပြုပြင်ထားရှိပြီးဖြစ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွတ်ကျွန်းအပိုင်း(၃)တာရှိ ကတောက်ဆပ်ရေတံခါးပြုပြင်ခြင်းလုပ်ငန်းကို ပြုပြင်ပေးသွားမည်ဖြစ်ပြီး ဆက်လက်ပြုပြင်ရန်ကျန်ရှိသော ရေတံခါး(၁၃)လုံး ဖြစ်ပါကြောင်း။

ထို့အပြင် ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘီတွတ်ကျွန်းအပိုင်း(၄)တာအတွင်း နွေစပါးစိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း (၃)ခုနှင့် ရေတံခါးများပြုပြင်ခြင်းလုပ်ငန်း (၄)ခု၊ ရွှေးမြစ်နှင့် ပြာမလေ့မြစ်ကြား ရေငန်တား တာကျွန်းအပိုင်း(၅)၏ တာအလျား(၁၁)မိုင် တာမြေကြီးဖို့ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်း၊ လပွတ္တာမြောက်ကျွန်း၊ ဘီတွတ်ကျွန်းအပိုင်း(၁)၊ ဘီတွတ်ကျွန်းအပိုင်း(၃)အတွင်းတွင်ပြုပြင်ရန်ကျန်ရှိသော ရေတံခါး(၁၃)လုံးကို ပြုပြင်နိုင်ရန်(၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေတစ်ရပ်ရပ်မှ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအလိုက် ပြုပြင်ပေးရန်စီစဉ်ထားရှိပါကြောင်းနှင့် ရေငန်တားကျွန်းပတ်တာများအတွင်းရှိ ချောင်းကော၊ မြောင်းကောတူးဖော်ခြင်း လုပ်ငန်းများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဉ်အတိုင်း လျာထားသတ်မှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာကို ဆက်သွယ်အသုံးပြုနေသည့် လပွတ္တာမြောက်ကျွန်းတာ ၀/၀ မိုင်မှ ၇/၀ မိုင်အထိ**




**၇ မိုင်ကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လပွတ္တာမြောက်ကျွန်းတာ တာမိုင်၏အစသည် လပွတ္တာမြို့ အမှတ်(၂)ရပ်ကွက်မှ စတင်ပြီး မြို့ဧရိယာအတွင်း အလျား(၁)မိုင် ပါဝင်ပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသောနေရာသည် လပွတ္တာမြို့ အမှတ်(၂) ရပ်ကွက်မှ ဆားကျင်းကျေးရွာအထိ လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ၇ မိုင်အတွင်း နေရာဖြစ်ပါကြောင်း၊ အဆိုပါနေရာတွင် တာထိပ်အကျယ် ၁၂ ပေရှိပြီး တာပေါင်အမြင့်မှာ ပျမ်းမျှ ၈ ပေဖြစ်ပါကြောင်း။

လပွတ္တာမြို့တွင်းဧရိယာဖြစ်သော တာမိုင်အစမှ ၅ ဖာလုံကြားတွင် အလျား(၅)ဖာလုံခန့်သည် ကျောက်ကြမ်းလမ်းခင်း၍ အသုံးပြုသွားလာလျက်ရှိပါကြောင်း၊ ကျောက်ချောလမ်းခင်းလိုသောအပိုင်းအတွင်း တာမိုင်အစမှ ၁ မိုင် ၆ ဖာလုံတွင် ခနိတန်းရေတံခါး (အချင်း ၄ ပေ ၊ ၂ ပေါက်)၊ တာမိုင်အစမှ ၅ မိုင် ၆ ဖာလုံတွင် လက်ဝဲခွဲ ရေတံခါး (အချင်း ၄ ပေ၊ ၅ ပေါက်)တို့ တည်ရှိပါကြောင်း၊ ဌာနကတည်ဆောက်ထိန်းသိမ်းထားသော တာတမံများမှာ မြေသားတာတမံများဖြစ်သည့်အပြင် မိုးများသောဒေသဖြစ်ခြင်းကြောင့် တာနိမ့်ကျခြင်း၊ ရေတိုက်စားခြင်းများရှိပါသဖြင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိခြင်း၊ တာတမံပေါ်တွင် ကျောက်ချောလမ်းခင်းမည်ဆိုပါက မြေသားတာတမံဖြစ်၍ သတ်မှတ်တာထိပ်အမြင့်အောက်နိမ့်ကျသည့်အခါ စက်ယန္တရားကြီးများဖြင့် ပြန်လည်မြေဖို့ ပြုပြင်ဆောင်ရွက်ရပြီး ကျောက်ချောလမ်းများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ တာတမံများတွင် ထည့်သွင်းတည်ဆောက်ထားသော ရေတံခါးများ၏ ဒီဇိုင်းပုံစံအရ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာမှုကို ဝန်အားခံနိုင်ရည်မရှိသဖြင့် ပျက်စီးနိုင်ခြင်းတို့ကြောင့် တာတမံများပေါ်တွင် အခိုင်အမာလမ်းများ ဆောင်ရွက်ရန် မသင့်လျော်သည့် အခြေအနေဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လုပ်ငန်းသဘာဝနှင့် မြေပြင်အခြေအနေအရ တာတမံများပေါ်တွင် အခိုင်အမာလမ်းများ ဆောင်ရွက်ရန်မှာ သင့်လျော်မှုမရှိပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် လပွတ္တာမြို့နယ် လပွတ္တာမြို့နှင့် ဆားကျင်းကျေးရွာကို ဆက်သွယ်အသုံးပြုနေသည့် လပွတ္တာမြောက်ကျွန်းတာ တာမိုင်အစမှ ၇ မိုင်အထိကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်မရှိပါကြောင်း။

သို့ရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပါက နှစ်စဉ်ပြုပြင်ထိန်းသိမ်းနေရသော တာတမံပေါ်၌ လမ်းခင်းခြင်းမပြုဘဲ တာ၏ အတွင်းဘက်ခြမ်းတွင် တစ်ဆင့်နိမ့်တာ (Second Berm) ပြုလုပ်၍ လိုအပ်သော အမြင့်၊ အကျယ်ဖြင့် လမ်းခင်းခြင်း ဆောင်ရွက်နိုင်ပါကြောင်း၊ ရေတံခါးအဝင်/အထွက် မြောင်းနေရာများတွင်လည်း ဝန်အားခံနိုင်ရည်ရှိသော မြောင်းကူးတံတားများ ထည့်သွင်းဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပါက လမ်းတည်ဆောက်ခြင်းနှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများအနေဖြင့် လမ်းကိုလိုအပ်သလို တည်ဆောက်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့်လည်း တာတမံကို လိုအပ်သလိုပြုပြင်ထိန်းသိမ်းနိုင်မည်ဖြစ်ရာ နှစ်ဦးနှစ်ဖက် အဆင်ပြေချောမွေ့စေမည်ဖြစ်ပြီး ဒေသအတွက်အကျိုးရှိစေမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာများ ရေအပြည့်အဝရရှိစေရန်နှင့် စိုက်ပျိုးရေကို ပမာဏလုံလောက်စွာ သိုလှောင်နိုင်ရန်အတွက် သင်းတွဲမြောင်းဖျားတွင်ရှိသော စွန်ရဲကန်အား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စွန်ရဲကန်အတွင်း ရေဝင်ရောက်မှု ပိုမိုကောင်းမွန်စေရန်အတွက် ကန်အတွင်း ရေကူဖြည့်တင်းသည့် သင်းတွဲမြောင်းနှင့် ရေဝင်ချောင်းဖြစ်သည့် လင်းဗုက်ချောင်းရေလမ်းတို့ကို ဌာနမှ ထိန်းသိမ်းစီမံလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်ရေး စည်းရုံးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ (၂၀၂၁) ခုနှစ်မှ စတင်၍ စွန်ရဲကန်အတွင်း ကန်ရေပြည့်ပမာဏနီးပါးအထိ ရေသိုလှောင်ထားနိုင်ပြီး မိုးသီးနှံ၊ နွေသီးနှံ စိုက်ဧကများအား စိုက်ပျိုးရေပြည့်ဝစွာ ပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲအင်းမွေးမြူရေးဇုန်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်လျက်ရှိခြင်း၊ စွန်ရဲကန်၏ မူလရေဝပ်ဧရိယာပြန်လည်ရရှိအောင် သဲနုန်းတူးဖော်လျှင် ဆောင်ရွက်ရမည့်လုပ်ငန်း ပမာဏကြီးမားများပြားပြီး ရန်ပုံငွေလိုအပ်ချက်လည်း များပြားလွန်းခြင်းတို့ကြောင့် ယခုလက်ရှိအခြေအနေအရစွန်ရဲကန်အား သဲနုန်းတူးဖော်ဆောင်ရွက်ရန် သင့်လျော်မှုမရှိသေးပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန်အတွက် လယ်/ယာ ရေသောက်စနစ်မြောင်းများအား သဲနုန်းများ တူးဖော်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ ကင်းတားရေသောက်စနစ်နှင့် ဇော်ဂျီရေသောက်စနစ်တို့တွင် တူးမြောင်းမကြီး (၁၆) ခု၊ လက်တံမြောင်း (၄၇) ခု၊ လက်တံခွဲမြောင်း (၁၉)ခု တို့၏ အချို့သောနေရာများ၌ မြောင်းအင်အားပြည့် ရေပို့လွှတ်သယ်ဆောင်နိုင်ရန်အတွက် သဲနုန်းတူးဖော်ခြင်း၊ မြောင်းပေါင်အားဖြည့်ခြင်းနှင့် အချို့သော ရေပေးအဆောက်အအုံများ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ပြုပြင်ရမည့် ရေပေးမြောင်းအရေအတွက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏများပြားသည့်အတွက် ရန်ပုံငွေခွဲဝေရရှိသည့် အခြေအနေအပေါ်မူတည်၍ သဲနုန်းပို့ချမှု များပြားလျက်ရှိသော ရေပေးမြောင်းများနှင့် ဆက်စပ်ရေပေးအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများကို မြောင်းဆုံးမြောင်းဖျားအထိ ရေရရှိစေရန် ရည်ရွယ်၍ ဦးစားပေးအစီအစဉ်ဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများရှိ အဓိကသီးနှံ ၁၄ မျိုး ရေရရှိမှု ပိုမိုထိရောက်စေရန်အတွက် ရေပေးတူးမြောင်းများ၏ ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်အပိုင်းများအား သဲနုန်းတူးဖော်ခြင်း၊ ရေပေးအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်စဉ်ရရှိသော ပြင်/ထိန်းရန်ပုံငွေမှ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကယားပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဒေါက်တာအမ်ဇော်လတ်(ခ)ဆမ်းမားကို့(စ်) အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရှားရယ်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီအား အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါက်တာဦးမနာမ်တူးဂျာနှင့် အတွင်းရေးမှူးအဖြစ် ကယားပြည်နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရှားရယ်တို့အား တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်နွယ်နွယ်ဦးက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

**စာမျက်နှာ ၈ သို့** ☆

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းနှင့် စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်)တို့အား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၂**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ညို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၂)တပ်မတော် လူငယ်ပညာရေး သင်တန်းကျောင်းနှင့် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ(နေပြည်တော်) တို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) တပ်မတော်လူငယ် ပညာရေး သင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းရုံးခန်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ စာသင်ဆောင်၊ အိပ်ဆောင်နှင့် စားရိပ်သာများ နေရာချထားမှု၊ လေ့ကျင့်သင်ကြားပေးသည့် ဘာသာရပ်များ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာများနှင့် သင်ကြားမည့် ဆရာ ဆရာမ အင်အားဖြည့်ဆည်းထားရှိမှု အခြေအနေများ၊ ကျောင်းသားများအတွက် ယူနီဖောင်း၊ အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ ပေးထားမှုများကို ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးရာတွင် ပညာရေးပိုင်းသာမက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အကျင့်စာရိတ္တ ကောင်းမွန်ကာ ထူးချွန်ထက်မြက်သည့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာရေး စနစ်တကျ လေ့ကျင့် သင်ကြားပေးရန်၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်၍ စံပြုထိုက်သော ကျောင်းသားများဖြစ်အောင် ပျိုးထောင်ပေးရန်၊ အားကစားတွင် အရည်အသွေးရှိသူများကို ထူးချွန်သည့်အထိ မြေတောင်မြှောက်ပေးရန်၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပေးရန်၊ ဆရာ ဆရာမများနှင့်ပတ်သက်၍ ကျွမ်းကျင်သော ဘာသာရပ်အလိုက် သင်ကြားမှုတွင် ကိုက်ညီအောင် စီမံပေးရန်၊ သင်ကြားသင်ယူမှု အထောက်အကူပြု ပစ္စည်းများကို အကျိုးရှိအောင် အသုံးချ၍ သင်ကြားပေးရန်၊ လစဉ်နှင့် နှစ်ဝက်ဆန်းစစ်စာမေးပွဲများကို အရည်အသွေး ပြည့်မီအောင်စစ်ဆေးပြီး လိုအပ်သော ဘာသာရပ်များကို အချိန်ပိုသင်ကြားပေးခြင်းစသဖြင့် တတ်မြောက်မှုနှင့် အောင်ချက်မြင့်မားစေရေး ဆောင်ရွက်ရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများအား တွေ့ဆုံနှုတ်ဆက်ပြီး ၂၀၂၆–၂၀၂၇ ပညာသင်နှစ် တပ်မတော်လူငယ် ပညာရေး သင်တန်းကျောင်း၌ Grade–10၊ Grade–11၊ Grade–12 တို့တွင် ကျောင်းသားများ တက်ရောက် ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုပြီး အားပေးစကား ပြောကြားသည်။ ယင်းနောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် သင်တန်းကျောင်းနှင့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ဆရာ ဆရာမများက လက်ခံရယူသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များနှင့် ကျောင်းသားများ စနစ်တကျနေထိုင် စားသောက်ရေးအတွက် အိပ်ဆောင်များ၊ ထမင်းစားဆောင်များ ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အမှတ်(၂) တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်းတွင် တက်ရောက်နေသည့် ကျောင်းသားများအား အားပေးစကားပြောကြားစဉ်။

(နေပြည်တော်)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက အိမ်ရာ တည်ဆောက် ပြီးစီးမှုနှင့် ဆက်လက် တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက် နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ရေနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ များအား လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှု၊ တည်ဆောက်ပြီး တိုက်ခန်းများအတွင်း မိသားစုများ အသင့်နေထိုင်စားသောက်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အိမ်ရာနေစစ်မှုထမ်းဟောင်း မိသားစုများ နေထိုင်၊ စားသောက်၊ သွားလာမှု အဆင်ပြေစေရေး လိုအပ်သည်များ စီမံဆောင်ရွက်ပေးရန်၊ စစ်မှုထမ်းဟောင်းများသည် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည့်အပြင် အရေးကြီးသည့် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်းများ၏ အရေးကိစ္စများကို ဂရုတစိုက် ဆောင်ရွက်ပေးရန်၊ အိမ်ရာဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျ စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိမ်ရာဝင်းအတွင်းရှိ တည်ဆောက်ပြီးစီးနေသည့် နေအိမ် တိုက်ခန်းများနှင့် တည်ဆောက်ဆဲ တိုက်ခန်းများ၊ တည်ဆောက်ပြီး အခြားအဆင့် အရာရှိငယ်၊ အရာရှိကြီးတိုက်ခန်းများသို့ ပြောင်းရွှေ့လာမည့် မိသားစုများ အဆင်သင့်နေထိုင်စားသောက်နိုင်ရေးအတွက် တပ်မတော်က ကြိုတင်ပြင်ဆင် ဆောင်ရွက်ပေးထားသည့် တပ်မတော်စက်ရုံများက ထုတ်လုပ်သော ပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ ခင်းကျင်း ထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၇ မှ

ဆက်လက်၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် အခန်း(၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဃ)(ဏ)၊ ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၃ ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း(၂)၊ အပိုဒ် ၄ အပိုဒ်ခွဲ(ဧ)(ဈ)၊ အခန်း(၃)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂)(၃)(၄)(၁၄)(၁၈)၊ အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)(ဋ)(ဌ)၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ ငယ်(၆)(၉)၊ အပိုဒ်၇ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်၈ အပိုဒ်ခွဲ(င)(ဆ)၊ အခန်း(၅) အပိုဒ် ၉ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၄)(၁၃)၊ ပြင်ဆင်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၆ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အခန်း ၇၊ အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)(ဂ)၊ အပိုဒ် ၁၈၊ အခန်း ၈၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၂၃ အပိုဒ်ခွဲ (စ)၊ အသစ်ပြင်ဆင်ဖြည့်စွက်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၉၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ်ခွဲ(ခ) (ဃ)(င)၊ ပြင်ဆင်ချက် ပြောင်းလဲအမှတ်စဉ်ထားသည့် အခန်း ၁၀၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၄၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ ငယ်(၂)၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၄၃၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အခန်း ၁၁၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ ခြေဆင်း၊ အခန်း ၁၂၊ အပိုဒ် ၅၇ ခြေဆင်း၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၀၊ အဆိုပြုပြဋ္ဌာန်းချက်တွင် ပါရှိသည့် "ဘဏ္ဍငွေစာရင်းအမှတ်" ဆိုသော စကားရပ်အစား " ဘဏ္ဍငွေစာရင်း" ဆိုသည့် စကားရပ်ဖြင့် ဥပဒေကြမ်းတစ်ခုလုံးတွင် ပြောင်းလဲပြင်ဆင်ခြင်း၊ အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း၏ အခန်း(၂) အခန်းခေါင်းစဉ် ပယ်ဖျက်ခြင်းနှင့် ယခုပြင်ဆင်ချက်များဖြင့် အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်အတွက် လွှတ်တော်က အတည်ပြုပေးပါရန် တင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါတင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်း အပိုဒ် ၁ မှ ၆၃ နှင့် ဥပဒေကြမ်းအမည်တို့သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည့်အတွက် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အပိုဒ် ၁ မှ ၆၃နှင့် ဥပဒေကြမ်းအမည်တို့သည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက်ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဝင်များ၊ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အကျေအလည်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ဗဟိုကော်မတီတွင် ပိုမိုခိုင်မာအားကောင်းစေရန် ဒုဥက္ကဋ္ဌ တစ်ဦး၊ အဖွဲ့ဝင်နှစ်ဦးကိုလည်းကောင်း၊ ဒေသဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် တစ်ဦးကိုလည်းကောင်း၊ တိုက်ဖျက်ရေးဗဟိုဌာနတွင် အဖွဲ့ဝင် နှစ်ဦးကိုလည်းကောင်း ထပ်မံဖြည့်စွက်ခြင်း၊ လုပ်ငန်းတာဝန်များ အသစ်ဖြည့်စွက်ခြင်း၊ စကားရပ်များ အစားထိုးပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့်အတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးမျိုးမင်းနောင်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုပါဥပဒေကြမ်း ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✽ ကမ္ဘာ့ဖလားမှ

အဲဒီပွဲစဉ်မှာ မက္ကဆီကိုအသင်းအတွက် သွင်းဂိုးတွေကို ကီမီနက်ဇ်စ်နဲ့ ဂျေမီနက်ဇ်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မက္ကဆီကိုအသင်းနဲ့ တောင်အာဖရိကအသင်းတို့ ပွဲစဉ်မှာ တောင်အာဖရိကအသင်းဟာ ချေပဂိုးပြန်လည်ရရှိရန်ကြိုးပမ်းရင်း ကစားသမားနှစ်ဦးအထိ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရပြီး မက္ကဆီကိုအသင်းဟာလည်း ကစားသမားတစ်ဦးတိုက်ရိုက် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြိုင်ပွဲတစ်လျှောက် အနီကတ်လေးကြိမ်သာ ပြသခံခဲ့ရတာဖြစ်ပြီး အခုလိုအဖွင့်ပွဲစဉ်မှာ ကစားသမားသုံးဦးအထိ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာဟာ ကမ္ဘာ့ဖလားသမိုင်းမှာ ပထမဆုံးအကြိမ်လည်းဖြစ်ပါတယ်။

**အနိုင်ရရှိ**

တောင်ကိုရီးယားအသင်းနဲ့ ချက်အသင်းတို့ပွဲစဉ်မှာတော့ တောင်ကိုရီးယားအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ တောင်ကိုရီးယားအသင်းအတွက် သွင်းဂိုးတွေကို ဝမ်အင်ဘိုအွန်နဲ့ ဟောအွန်ဂျူတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး ချက်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ကရက်ဂျီစီကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

လာမယ့်ပွဲစဉ်မှာ တောင်ကိုရီးယားအသင်းဟာ ပူးတွဲအိမ်ရှင် မက္ကဆီကိုအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ချက်အသင်းက တောင်အာဖရိကအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

**ဌေးကြယ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက် အမှတ် ၁/၂၀၂၀ ဖြင့် ၂၁-၄-၂၀၂၀ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် စဝ်နော်လိတ်နှင့် စဝ်စွမ်မောဝ်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် စိုင်းဗျူဖ၊ စိုင်းလောင်ခမ်းမိန်း၊ တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးသည့်နောက် ပေါ်ပေါက်လာသည့် ရွေးကောက်ခံ အစိုးရသစ်လက်ထက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် ၂၀၁၆ ခုနှစ် ဧပြီ ၁၁ ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့ကို ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ကြိုတင်ကန့်သတ်ချက်မထားသည့် နည်းလမ်းဖြင့် ဆွေးနွေးသွားရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ NCA Plus ကဲ့သို့ အကောင်အထည်ဖော်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လည်းလျာထားကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်သည့်ကိစ္စရပ်များ ဆောင်ရွက်မှုမရှိစေရေး ကာကွယ်စောင့်ကြည့်သည့် လုပ်ငန်းများ ယန္တရားတည်ဆောက်၍ ဆောင်ရွက်ထားရန်လိုပြီး အစိုးရမှဆောင်ရွက်ပေးနေသည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စဉ်ဆက်မပြတ်ထိတွေ့လိုကြောင်း၊ SSPP အဖွဲ့၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်က ငြိမ်းချမ်းရေးသည် အမှန်တကယ်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းဖြင့်ဖြေရှင်းရန် အမြဲတောင်းဆိုခဲ့ကြောင်း၊ ဖြစ်နိုင်သည့်ကိစ္စများကို ဦးစားပေးဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် အတိတ်က သင်ခန်းစာများကိုယူပြီး ယုံကြည်မှုတည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တန်းတူရေးကို အခြေခံပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုပေါ်ထွန်းရေး၊ ယုံကြည်မှုထိခိုက်စေသည့် ဖြစ်စဉ်များအပေါ်သင်ခန်းစာယူပြီး ထပ်မံမဖြစ်ပွားအောင် အလေးထားဆောင်ရွက်ရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအား အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအား ကူညီဆောင်ရွက်ပေးရေး၊ ငြိမ်းချမ်းရေးကို ထိခိုက်စေသည့် ပစ်ခတ်တိုက်ခိုက်မှုများမဖြစ်ပွားစေရေး နှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့အား အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က SSPP မှ ဆွေးနွေးသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ SSPP နှင့် ယခင် Bilateral တွေ့ဆုံဆွေးနွေးမှုအခြေ အနေများ၊ မြေပြင်အခြေအနေနှင့် တပ်ပိုင်းဆိုင်ရာကိစ္စများစပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသည့်ကိုယ်စားလှယ်များက နိုင်ငံရေးပြဿနာကို လက်နက်ကိုင်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရေး၊ တန်းတူရေးကို အခြေခံသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ နှစ်ဖက်တပ်များအကြား အငြင်းပွားဖွယ်ရာကိစ္စများ ဖြစ်ပွားလာပါကလည်း တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ပြေလည်အောင် ဖြေရှင်းဆောင်ရွက်ရေး၊ ဒေသတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များ မရှိစေရေး၊ ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ပြီး ရေရှည်တည်တံ့သည့်ခိုင်မြဲသည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးနှင့် လက်ရှိ ရရှိထားသည့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရန် ဆက်လက်ထိန်းသိမ်းထားနိုင်ရေး၊ နှစ်ဖက်ရရှိထားပြီးသည့် သဘောတူညီချက်များနှင့် အပစ်အခတ်ရပ်စဲမှု အခြေအနေကို လေ့လာစောင့်ကြည့်ခြင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်း လောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများနှင့် နယ်မြေကျော်လွန်ခြင်းကိစ္စများနှင့် ပတ်သက်ပြီး ချက်ချင်းဖြေရှင်းနိုင်မည့် အဖွဲ့စုံပါဝင်သည့် အဖွဲ့တစ်ရပ် ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စများအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်မှ ကျေးဇူးတင်စကား ပြောကြားပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမီဒီယာဖွံ့ဖြိုးရေးကော်မတီက စီစဉ်သည့်"သတင်းသမားဘဝ" အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြာပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး(၁)ဦးစိန်တိုးက ဟောပြောပို့ချမည့်ဆရာများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။

ဆက်လက်၍ နိုင်ငံခြားသတင်းထောက် ဒေါက်တာဇော်သန်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာသမားများ အကာအကွယ်ပေးရေး ကော်မတီအဖွဲ့ခေါင်းဆောင်ဦးမြတ်စိုး(မြတ်စိုး-လှိုင်)တို့ကအသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



## (၁၀)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံရေတပ်ချင်းတွေ့ဆုံဆွေးနွေးပွဲ (10th Myanmar-Thai Navy to Navy Talks)ကျင်းပ




**နေပြည်တော် ဇွန် ၁၂**

ရန်ကုန်မြို့၌ ပြုလုပ်သည့် (၁၀) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံရေတပ်ချင်း တွေ့ဆုံဆွေးနွေးပွဲ(10th Myanmar-Thai Navy to Navy Talks) သို့ တက်ရောက်ရန်အတွက် ထိုင်းဘုရင့်ရေတပ် Naval Operations Department, Office of Policy and Planning မှ Director ဖြစ်သူ Rear Admiral Chaksawat Saiwongဦးဆောင်သောကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၉ ရက်နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံဆွေးနွေး ပွဲပြုလုပ်ကြသည်။

**ဆွေးနွေး**

တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်ဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ညှိနှိုင်းကင်းလှည့် နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စစ်ရေယာဉ်များ အပြန်အလှန် လည်ပတ်စဉ် ဆောင်ရွက်မည့်အစီအစဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးချက်များအား သဘောတူ လက်မှတ်ရေးထိုးပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် သန်လျင်တပ်နယ်၊ ရေတပ် လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ပြုလုပ်ခဲ့ပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်သည်။

ရေတပ် လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိစဉ် ထိုင်းဘုရင့်ကိုယ်စားလှယ် အဖွဲ့သည် တပ်မတော်(ရေ)နှင့် ထိုင်းဘုရင့်ရေတပ်တို့၏ လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို ကြည့်ရှုခြင်းနှင့် ရေတပ်လေ့ကျင့်ရေးဆိုင်ရာ ဆင်မြူလေတာများ၏ သရုပ်ပြသမှုများကို လှည့်လည်ကြည့်ရှု၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းဘုရင့် ရေတပ်မှကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းရေတပ် စစ်သံမှူးတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုတို့ ဟန်ချက်ညီပေါင်းစုတည်ရှိရာ ဟေလုံကျန်းပြည်နယ် ဟာဘင်းမြို့ဆီသို့ ...

ရတနာ၊ နန္ဒာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရှေ့မြောက်ဘက်စွန်းတွင်တည်ရှိသော ဟေလုံကျန်းပြည်နယ်၏ မြို့တော် ဟာဘင်း (Harbin)သည် ရေခဲမြို့တော်အဖြစ် ကမ္ဘာကျော်သည့် မြို့တစ်မြို့ဖြစ်သည်။ သို့သော် ဟာဘင်းမြို့၏ထူးခြားချက်မှာ ရေခဲနှင့်နှင်းပွဲတော်များသာမက စိုက်ပျိုးရေးနည်းပညာမြင့်မားမှု၊ စက်မှုဖွံ့ဖြိုးတိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာဆန်းသစ်တီထွင်မှု၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ပညာရေးအဆင့်မြင့်မားမှုနှင့် ခေတ်မီမြို့ပြစီမံခန့်ခွဲမှုတို့ကို တစုတစည်းတည်း တွေ့မြင်နိုင်ခြင်းပင်ဖြစ်သည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်နေသည့် မဟာဗျူဟာများကို လေ့လာသိရှိခွင့်ရ**

မြန်မာ-တရုတ် မီဒီယာဖလှယ်မှုနှင့် "ဆွေမျိုးပေါက်ဖော်" မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ရေးဆိုင်ရာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ကီလိုမီတာ ၄၀၀၀ ကျော်ဝေးကွာသည့် ဟာဘင်းမြို့သို့ သွားရောက်လေ့လာခွင့်ရရှိခဲ့ရာ ဟေလုံကျန်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုသာမက တရုတ်ပြည်သူများ၏ကြိုးစားအားထုတ်မှု၊ အနာဂတ်ကို မျှော်မှန်းတည်ဆောက်နေသည့် စိတ်ဓာတ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်နေသည့် မဟာဗျူဟာများကိုလည်း လေ့လာသိရှိခွင့်ရခဲ့သည်။

အဆိုပါခရီးစဉ်တွင် ကျွန်မတို့ လေ့လာရေးအဖွဲ့စုစုပေါင်း ၁၅ ဦး ပါဝင်ခဲ့သည်။

ရန်ကုန်မြို့မှ စတင်ထွက်ခွာလာသည့်ခရီးစဉ်သည် မေလ ၂၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့မှတစ်ဆင့် ဟာဘင်းမြို့သို့ စတင်ခဲ့သည်။ ယင်းနေ့ညနက်ပိုင်းတွင် အေးမြသောလေထုနှင့် လတ်ဆတ်သောပတ်ဝန်းကျင်က မြန်မာကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနေသကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် နိုင်ငံခြားရေးရုံး အာရှရေးရာဌာန ဒုတိယညွှန်ကြားရေးမှူး မစ္စကွန်ထျန်းယွမ်နှင့်အဖွဲ့က မိမိတို့အဖွဲ့ကို ခရီးစဉ်အစအဆုံး နွေးထွေးစွာ လိုက်ပါပို့ဆောင်ရှင်းလင်းပြောကြားပေးခဲ့သည်မှာလည်း မမေ့နိုင်စရာပင်။ ဟာဘင်းမြို့တွင် ပထမဆုံး ခံစားမိသည်မှာ စနစ်တကျစီမံခန့်ခွဲထားမှု၊ သန့်ရှင်းသပ်ရပ်မှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုတို့ဖြစ်သည်။ လမ်းများကျယ်ဝန်းသန့်ရှင်းပြီး လူမှုစည်းကမ်း၊ ယာဉ်စည်းကမ်းများအား အလေးထားလိုက်နာနေမှုများကို နေရာအနှံ့တွေ့မြင်ရသည်။

ခရီးစဉ်ပထမနေ့အဖြစ် ဟာဘင်းမြို့သို့ ရောက်ရှိပြီးနောက် ဦးစွာသွားရောက်လေ့လာခွင့်ရခဲ့သည့် Harbin Electric Machinery Company Limited (HEC) သည် တရုတ်နိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်မှုသမိုင်းကို ကိုယ်စားပြုနေသည့် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် အဆိုပါကုမ္ပဏီသည် ရေအားလျှပ်စစ်၊ ကျောက်မီးသွေးအခြေပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ နျူကလီးယားစွမ်းအင်၊ လေစွမ်းအင်နှင့် အခြားစွမ်းအင်ဆိုင်ရာ စက်ပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိပြီး တရုတ်နိုင်ငံ၏ အကြီးစားလျှပ်စစ်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

စက်ရုံအတွင်းသို့ ဝင်ရောက်လေ့လာရာတွင် ပထမဆုံး သတိပြုမိသည်မှာ ကျယ်ပြန့်သည့် ထုတ်လုပ်ရေးလိုင်းများနှင့် ခေတ်မီအလိုအလျောက်စနစ်များဖြစ်သည်။ ယခင်က လူအင်အားအများအပြား လိုအပ်ခဲ့သည့် အကြီးစားစက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများကို ယနေ့တွင် စက်ရုပ်နည်းပညာများ၊ ဉာဏ်ရည်မြင့်ထုတ်လုပ်မှုစနစ်များနှင့် အလိုအလျောက် ထိန်းချုပ်မှုနည်းပညာများဖြင့် ဆောင်ရွက်နေသည်ကို မြင်တွေ့ခဲ့ရသည်။ အထူးသဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် အရေးပါသည့် Generator Rotor များနှင့် Turbine အစိတ်အပိုင်းများကို Robotic Machining System များအသုံးပြု၍ တိကျစွာ ထုတ်လုပ်တပ်ဆင်နေသည့်လုပ်ငန်းစဉ်များမှာ စက်မှုကဏ္ဍ၏ ခေတ်သစ်အသွင်ကူးပြောင်းမှုကို ထင်ဟပ်ဖော်ပြနေသကဲ့သို့ဖြစ်သည်။

HEC သည် ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုသာမက နည်းပညာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီအတွင်း အမျိုးသားအဆင့် အင်ဂျင်နီယာသုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာ၊ ရေအားလျှပ်စစ်စက်ပစ္စည်း သုတေသနစင်တာများကို ထူထောင်ထားရှိပြီး စွမ်းအင်ကဏ္ဍအတွက် လိုအပ်သည့် နောက်ဆုံးပေါ်နည်းပညာများကို ဆက်လက်တီထွင်လျက်ရှိကြောင်း သိရသည်။

Harbin Electric Machinery Company Limited ကို လေ့လာခြင်းအားဖြင့် တရုတ်နိုင်ငံ၏ စက်မှုကဏ္ဍသည် ထုတ်လုပ်မှုအရေအတွက် တိုးမြှင့်ခြင်းအဆင့်မှ နည်းပညာအခြေပြု Smart Industry စနစ်များသို့ အသွင်ကူးပြောင်းလျက်ရှိကြောင်းကို ထင်ရှားစွာမြင်တွေ့ခဲ့ရသည်။ စက်ရုပ်နည်းပညာ၊ အလိုအလျောက်ထုတ်လုပ်မှုစနစ်နှင့် သုတေသနဖွံ့ဖြိုးရေးတို့ကို ပေါင်းစပ်အသုံးချထားသည့် ယင်းလုပ်ငန်းသည် တရုတ်နိုင်ငံ၏ စက်မှုအင်အားနှင့် နည်းပညာစွမ်းရည်ကို ထင်ဟပ်ဖော်ပြနေသည့် စံပြစက်မှုလုပ်ငန်းတစ်ခုဖြစ်

လေ့လာရေးခရီးစဉ်အတွင်း သိရှိခဲ့ရသည့် အချက်မှာ HEC ၏ ထုတ်ကုန်များကို ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်တွင် အသုံးပြုလျက်ရှိပြီး နိုင်ငံတကာစွမ်းအင်စီမံကိန်းများတွင်လည်း အရေးပါသည့် ပံ့ပိုးသူတစ်ဦးအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများတွင် အသုံးပြုလျက်ရှိသည့် စက်ပစ္စည်းများအနက် အများအပြားကို HEC က ထုတ်လုပ်ပံ့ပိုးပေးထားကြောင်း သိရှိရခြင်းက နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို ပိုမိုသဘောပေါက်စေခဲ့သည်။

Harbin Electric Machinery Company Limited ကို လေ့လာခြင်းအားဖြင့် တရုတ်နိုင်ငံ၏ စက်မှုကဏ္ဍသည် ထုတ်လုပ်မှုအရေအတွက် တိုးမြှင့်ခြင်းအဆင့်မှ နည်းပညာအခြေပြု Smart Industry စနစ်များသို့ အသွင်ကူးပြောင်းလျက်ရှိကြောင်းကို ထင်ရှားစွာမြင်တွေ့ခဲ့ရသည်။ စက်ရုပ်နည်းပညာ၊ အလိုအလျောက်ထုတ်လုပ်မှုစနစ်နှင့် သုတေသနဖွံ့ဖြိုးရေးတို့ကို ပေါင်းစပ်အသုံးချထားသည့် ယင်းလုပ်ငန်းသည် တရုတ်နိုင်ငံ၏ စက်မှုအင်အားနှင့် နည်းပညာစွမ်းရည်ကို ထင်ဟပ်ဖော်ပြနေသည့် စံပြစက်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

**Genomics Heilongjiang Company သို့ သွားရောက်လေ့လာ**

ထို့နောက် မိမိတို့ကိုယ်စားလှယ်အဖွဲ့သည် ဟေလုံကျန်းပြည်နယ် ဟာဘင်းမြို့ရှိ Genomics Heilongjiang Company သို့ သွားရောက်လေ့လာခဲ့ရာ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၏ အနာဂတ်ကိုမြင်တွေ့ရသကဲ့သို့ ခံစားရသည်။ ယနေ့ကမ္ဘာတွင် ရောဂါဖြစ်ပြီးနောက် ကုသခြင်းထက် ရောဂါမဖြစ်မီ ကြိုတင်ခန့်မှန်းကာကာကွယ်နိုင်ရေးကို ပိုမိုအလေးထားလာကြပြီး ယင်းရည်မှန်းချက်အတွက် မျိုးရိုးဗီဇနည်းပညာနှင့် ဉာဏ်ရည်တု (AI) နည်းပညာတို့ ပေါင်းစပ်ထားသည့်စနစ်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အဆိုပါကုမ္ပဏီတွင် အသုံးပြုနေသည့် GenSIRO စနစ်သည် AI နည်းပညာကို အခြေခံထားသော All-in-One Model တစ်ခုဖြစ်ပြီး နမူနာပစ္စည်းများ လက်ခံခြင်းမှစတင်ကာ မျိုးရိုးဗီဇဒေတာ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံစာထုတ်ပေးခြင်းအထိ လုပ်ငန်းစဉ်တစ်ခုလုံးကို အလိုအလျောက် စီမံဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ ယခင်က ဓာတ်ခွဲခန်းကျွမ်းကျင်သူများ၏လက်ဖြင့် ဆောင်ရွက်ရသည့် အဆင့်များစွာကို AI စနစ်က ထိန်းချုပ်ဆောင်ရွက်ပေးနိုင်သဖြင့် အချိန်ကုန်သက်သာစေပြီး ရလဒ်တိကျမှုများကိုလည်း ပိုမိုမြင်တွေ့ရသည်။

အထူးသဖြင့် High-Throughput Sequencing ဟုခေါ်သော စွမ်းဆောင်ရည်မြင့် မျိုးရိုးဗီဇစစ်ဆေးရေးနည်းပညာတွင် တစ်ကြိမ်တည်းဖြင့် နမူနာအများအပြားကို စစ်ဆေးနိုင်သော်လည်း ဒေတာပမာဏ အလွန်များပြားခြင်းကြောင့် ခွဲခြမ်းစိတ်ဖြာမှုလုပ်ငန်းစဉ်များမှာ အစဉ်အမြဲရှုပ်ထွေးလေ့ရှိသည်။ GenSIRO ကဲ့သို့ AI အခြေပြုစနစ်များသည် ယင်းအခက်အခဲများကို လျှော့ချပေးပြီး မျိုးရိုးဗီဇဒေတာများမှ အဓိပ္ပာယ်ရှိသော ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ပိုမိုလျင်မြန်စွာ ထုတ်ဖော်ပေးနိုင်ကြောင်း တွေ့ရှိရသည်။

ယင်းနည်းပညာများကို ကင်ဆာရောဂါ၊ မျိုးရိုးလိုက်ရောဂါများ၊ ကူးစက်ရောဂါများနှင့် ကုသရန်ခက်ခဲသောနာတာရှည်ရောဂါများကို စောစီးစွာသိရှိနိုင်ရေးတွင် အသုံးချလျက်ရှိပြီး လူတစ်ဦးချင်းစီ၏ မျိုးရိုးဗီဇအခြေအနေနှင့်ကိုက်ညီသော တိကျဆေးပညာ (Precision Medicine) ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် Genomics Heilongjiang Company တွင် လေ့လာတွေ့ရှိခဲ့ရသည့် AI နှင့် မျိုးရိုးဗီဇနည်းပညာ ပေါင်းစပ်အသုံးချမှုများသည် အနာဂတ် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ၏ ဦးတည်ရာကိုမြင်တွေ့ရပြီး ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေး တိုးတက်မှုအတွက်လည်း အရေးပါသော နည်းပညာတစ်ရပ်ဖြစ်ကြောင်း သတိပြုမိခဲ့ရသည်။

**ဟာဘင်းမြို့၏ သမိုင်းနှင့်ယဉ်ကျေးမှုကိုလေ့လာ**

လေ့လာရေးခရီးစဉ် ပထမနေ့ညနေပိုင်းတွင် ဟာဘင်းမြို့၏ သမိုင်းနှင့် ယဉ်ကျေးမှုကိုလေ့လာနိုင်ရန် Central Street နှင့် Saint Sophia Cathedral Square သို့လည်း သွားရောက်ခဲ့သည်။ Central Street သည် နှစ်ပေါင်းတစ်ရာကျော် သမိုင်းရှိသော လူသွားလမ်းတစ်ခုဖြစ်ပြီး ဥရောပဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံများ စီတန်းလျက်ရှိသည်။ လမ်းတစ်လျှောက်လျှောက်လှမ်းရင်း အရှေ့တိုင်းမြို့တစ်မြို့အတွင်း ဥရောပမြို့ငယ်တစ်မြို့ကို ရောက်ရှိနေသကဲ့သို့ ခံစားရစေသည်။ Saint Sophia Cathedral မှာ ရုရှားဗိသုကာလက်ရာကို ထင်ဟပ်စေသည့် အထင်ကရအဆောက်အအုံတစ်ခုဖြစ်ပြီး ယနေ့ထိလည်း ဟာဘင်းမြို့၏ သမိုင်းအမှတ်တရတစ်ခုအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

Central Street ၏ မြောက်ဘက်တွင် စီးဆင်းနေသော Songhua (စုန့်ဟွာ) မြစ်သည် ဟာဘင်းမြို့၏ အသက်သွေးကြောတစ်ခုကဲ့သို့ဖြစ်သည်။ ညအချိန်တွင် မြစ်ကမ်းတစ်လျှောက်တွင် ဂီတသံများနှင့် ရောင်စုံမီးများပေါင်းစပ်ကာ မြို့တစ်မြို့လုံးကို အသက်ဝင်လှုပစေသည်။ ထိုမြင်ကွင်းကို ကြည့်ငေးရင်း မြို့တစ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အဆောက်အအုံများသာမက လူနေမှုဘဝ၏ အလင်းရောင်များလည်းဖြစ်ကြောင်းကို သတိပြုမိခဲ့သည်။

ဒုတိယမြောက်နေ့တွင် မဟာယနဗုဒ္ဓဘာသာ၏ အရေးပါသော ဘုရားကျောင်းတစ်ခုဖြစ်သည့် Jile Temple သို့ လေ့လာခွင့်ရရှိခဲ့သည်။ ဟာဘင်းမြို့၏ Nangang ခရိုင်တွင်တည်ရှိသော ဘုရားကျောင်းသည် မြို့တော်၏အထင်ရှားဆုံး ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများအနက် တစ်ခုအဖြစ် သတ်မှတ်ခံထားရပြီး တရုတ်နိုင်ငံ အရှေ့မြောက်ဒေသတွင် ဗုဒ္ဓဘာသာပျံ့နှံ့မှုနှင့် ဘာသာရေးလှုပ်ရှားမှုများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြောင်းသိရသည်။

သမိုင်းမှတ်တမ်းများအရ ဟာဘင်းမြို့ကို ၁၉၂၀ ပြည့်နှစ်ဝန်းကျင်တွင် စတင်ဖွံ့ဖြိုးရန် ကြိုးပမ်းတည်ဆောက်ခဲ့သည့် အခြေအနေများနှင့်အတူ Jile Temple သည်လည်း ဒေသ၏ ဘာသာရေးဗဟိုချက်တစ်ခုအဖြစ် တဖြည်းဖြည်းဖွံ့ဖြိုးလာခဲ့ကြောင်း သိရှိရသည်။ ဘုန်းတော်ကြီးကျောင်း၏ကျယ်ဝန်းမှုသည် စတုရန်းမီတာ ၅၃၅၀၀ ခန့်ရှိပြီး အတွင်းတွင် ဘာသာရေးအဆောက်အအုံအမျိုးမျိုးကို စနစ်တကျတည်ဆောက်ထားသည်ကို တွေ့မြင်ရသည်။

ကျောင်းဝင်းအတွင်းတွင် Heavenly King's Hall၊ Grand Hall နှင့် Three Bodhisattva Hall တို့အပါအဝင် အရေးပါသောဘုရားခန်းမများ တည်ရှိပြီး ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်မှုနှင့် တရားဓမ္မကျင့်ကြံမှုများအတွက် အဓိကနေရာများအဖြစ် အသုံးပြုလျက်ရှိသည်။ ထို့အပြင် အမြင့် ၃၇ မီတာရှိသော ခုနစ်ထပ်ကျောက်စေတီတော်သည် Jile Temple ၏ထင်ရှားသော အထင်ကရအဆောက်အအုံတစ်ခုအဖြစ် သတ်မှတ်ခံထားရပြီး ခရီးသွားများနှင့် ဘုရားဖူးများ၏ အထူးစိတ်ဝင်စားမှုကို ဆွဲဆောင်လျက်ရှိသည်။ ထို့အတူ ရုပ်တော်မှုဗုဒ္ဓရုပ်ပွားတော်၏ရှေ့တွင်လည်း ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၃ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့် အတူ ပြန်လည် ဝင်ရောက်လာကြသည့် ရွှေတောင်မြို့မှ အမျိုးသား နှစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသား နှစ်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးသုံးဦး၊ နေပြည်တော် ကောင်စီနယ်မြေမှ အမျိုးသား တစ်ဦး၊ တောင်ကုတ်မြို့မှ အမျိုးသား တစ်ဦး၊ တာမွေမြို့နယ်မှ အမျိုးသား တစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား တစ်ဦး၊ သဲကုန်းမြို့မှ အမျိုးသား တစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား တစ်ဦး၊ တိုက်ကြီးမြို့မှ အမျိုးသား တစ်ဦး၊ ပုသိမ်မြို့မှ အမျိုးသား တစ်ဦး၊ ဇလွန်မြို့မှ အမျိုးသား တစ်ဦး၊ ဒိုက်ဦးမြို့မှ အမျိုးသား တစ်ဦး၊ မြင်းမူမြို့မှ အမျိုးသမီး တစ်ဦး၊ နတ်မောက်မြို့မှ အမျိုးသမီး တစ်ဦး၊ ပန်းတောင်းမြို့မှ အမျိုးသမီး တစ်ဦး၊ ဇီးကုန်းမြို့မှ အမျိုးသမီး တစ်ဦး စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့အား ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက်ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 သေနတ် တစ်လက်၊ MA-2 သေနတ် တစ်လက်၊ M-16 သေနတ် နှစ်လက်၊ M-4 သေနတ် လေးလက်၊ လက်လုပ်လက်ပစ်ဗုံး တစ်လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ ၅ ဒသမ ၅၆ မမကျည် အတောင့် ၂၀၊ ကျည်အိမ် ခုနစ်ခု၊ အမ် ၄ ကျည်အတောင့် ၁၂၀ နှင့် အမ် ၁၆ ကျည် ၁၇ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ရှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၄၀၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်း၊ ရှေ့ထွက်မိုင်း တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၃ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီပေးအပ်ကာ ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးရာ အလင်း ဝင်ရောက်လာသူများ၏ ကိုယ်စား အလင်းဝင်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်က ၃၈၀၁ မှာပါ။ အဲဒီမှာကတော့ မကြာဘူး။ ကျွန်တော် ၂၀၂၁၊ ၄/၅ လ လောက်ပဲ ကြာလိုက်တယ်။ အဲ့ဒီကနေပြီး ရခိုင်ကို ရောက်သွားတယ်။ အဓိကတော့ လက်နက်မရှိတော့ လက်နက်ရှိတဲ့နေရာသွား ပူးတွဲတိုက်ပေးရတာပေါ့။ ကျွန်တော်တို့ အစပိုင်းကတော့ ယူဆမိတယ်။ အခုနောက်ပိုင်း တော်တော်များများကတော့ အောင်မြင်မယ်လို့လည်း မထင်မိတော့ဘူး။ ဘယ်လိုအကြောင်းကြောင့်လဲဆိုတော့ အကျင့်ပျက် ခြစားတဲ့ ပုဂ္ဂိုလ်တွေကြောင့်ပါ။ တချို့ ခေါင်းဆောင်တွေ ဆိုရင် ကောင်းမွန်တဲ့ ကားတစ်စီးနဲ့ သွားတယ်၊ လာတယ် KTV တွေ တက်တယ်။ အောက်ခြေကရဲဘော်တွေကတော့ ရှေ့မှာ အသက်တွေ ပေးလို့ပေါ့နော်။ ဒါမျိုးတွေလည်း ကြုံတွေ့နေရတယ်။ အလင်းဝင်ဖို့ကတော့ ကြာပါပြီ။ အခွင့်မသာလို့ပေါ့နော်။ အရင်ဆုံး အမေ့ကို လှမ်းပြောတယ်။ အလင်းဝင်သင့်လားလို့။ အမေကလည်းပြန်ပြီး အလင်းဝင်ဖို့ပြောတယ်။ ဒီဘက်မှတစ်ဆင့် အစ်ကိုကြီး လှမ်းချိတ်တယ်။ ချိတ်ပြီးတော့မှ ပြန်ဝင်တာပါ။ မဝင်ခင်ကတော့ တော်တော်လည်း စိုးရိမ်မှုတွေ ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကြားထားတာနဲ့ တခြားစီပါ။ ဒီဘက်ရောက်တော့ ကျွန်တော်တို့ကို ကြိုဆိုပါတယ်။ လိုအပ်ချက် မရှိအောင်လည်း အကုန်လုံး ဆောင်ကြဉ်းပေးတယ်။ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ကအစ အကုန်လုံးပြည့်ပြည့်စုံစုံပါပဲ။ ကိုယ့်အိမ်မှာတောင် အဲလောက်ထိ မပြည့်စုံဘူး။ သူတို့ဟိုဘက်မှာ ဝါဒဖြန့်ထားတာတွေက ဒီဘက်သွားလို့ရှိရင် အလင်းဝင်တာပဲဖြစ်ဖြစ်၊ အဖမ်းဆီးခံရတာပဲဖြစ်ဖြစ်၊ သတ်ဖြတ်တာမျိုးတို့၊ ပြီးရင် ထောင်ချတာမျိုး ရှိတယ်လို့ ပြောတယ်။ ကျွန်တော်တို့ ကိုယ်တိုင်ဝင်လာတော့ အခု ကျွန်တော်တို့ အေးဆေးပါပဲ။ အခု ကိုယ့်အိမ်ကို ပြန်ရမယ်လေ။ ကျွန်တော့်အနေနဲ့ကတော့ ဟိုဒီတွေဝေမနေကြပါနဲ့လို့ ပြောချင်ပါတယ်။ ကျွန်တော့်ညီအစ်ကိုတွေ အကုန်လုံး ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ရပါတယ်။ ပြန်ပြီးတော့ တပ်မတော်ကလည်း နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပါတယ်။ ဘာမှလည်း မလုပ်ပါဘူးလို့ ပြောချင်တယ်။ ကိုယ့်မိဘရှိရာ ကိုယ်ပြန်အပ်ပေးတယ် ပြီးရင်



ကျွန်တော်တို့ကို ထောက်ပံ့မှုတွေ ပေးတယ်၊ အလုပ်အကိုင်တွေက အစ အကုန်ပေးပါတယ်။ အဲ့အထဲမှာ ရှိနေတဲ့၊ အမှောင်ထဲမှာ ရှိနေတဲ့သူအကုန်လုံး ကျွန်တော်တို့ ပြန်ပြီးတော့ ဖိတ်ခေါ်ချင်ပါတယ်။

၂။ သူငယ်ချင်းတွေ စုပြီးတော့ ငါတို့လည်း ဝင်ကြမယ်ပေါ့။ လိုင်းပေါ်ကနေ သူငယ်ချင်းတွေနဲ့ ချိတ်ပြီးတော့ ဝင်သွားတာ။ ပထမ ကျွန်တော်တို့က တပ်ခွဲကနေပြီးတော့ တာဝန်ထမ်းဆောင်တာ။ တပ်ခွဲကနေပြီးတော့ ရာထူးတက်သွားတော့ ရင်းဖြစ်သွားတာ။ ရင်းမှာ ဆက်ပြီး တာဝန်ထမ်းဆောင်တာ။ တိုက်ပွဲကတော့ ခေါ်တာတော့ လိုက်ဖူးတယ်။ ဒါပေမဲ့ ပွဲထဲကို ထိထိရောက်ရောက်တော့ မရောက်ခဲ့ဘူး။ မိသားစုတွေနဲ့ကတော့ အဆက်အသွယ်ရတယ်။ ကိုယ်ဝင်ကတည်းက မိသားစုတွေကတော့ သဘောမကျဘူး။ အလင်းဝင်ဖို့ကျတော့ ကျွန်တော်တို့ မြို့နယ်ကပဲ အဲဒီကနေ ချိတ်ဆက်ပြီး ဝင်လိုက်တာ။ ကြောက်တော့ ကြောက်ခဲ့တယ်။ ဒီလို အလင်းဝင်ဖို့ဆိုတာတော့ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူး၊ ကိုယ့်အဖွဲ့အစည်းမှာလည်း ဝင်ချင်တဲ့သူတွေရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီဘက်ကို ဝင်လိုက်ပြီဆိုရင် ဒီဘက်က ကိုယ်ထင်ထားသလို မဖြစ်မှာလည်း ကြောက်တယ်။ ဟိုဘက်ကလည်း အဲဒီအတိုင်းပဲ။ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ အခုရုံးပေါ်မှာရောက်နေတဲ့ လူငယ်တွေ အကုန်လုံး ကိုယ့်အိမ်ကို ပြန်ချင်နေကြတဲ့ သူတွေချည်းပဲ။ ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘူး၊ ကျွန်တော်လည်း အဖွဲ့အစည်းထဲမှာ နေလာတာ ဖြစ်တဲ့အတွက် အဖွဲ့အစည်းက လူတွေအကြောင်းကို သိတယ်။ သူတို့လည်း သူတို့အိမ် သူတို့ ပြန်ချင်တယ်။ ဒါပေမဲ့ ဒီဘက်ကို



အလင်းဝင်ဖို့ ဆိုတာလည်း တွန့်ဆုတ်တယ်။ ဘာလို့လဲဆိုတော့ ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လိုဖြစ်မလဲဆိုတာ ဘယ်သူမှ မသိကြဘူး။

အကုန်လုံးနီးပါးကတော့ ကိုယ့်အိမ်ကိုယ် ပြန်ချင်နေကြပြီ။ စိတ်တွေ မပါကြတော့ဘူး။ နှစ်တွေလည်း ကြာနေပြီဆိုတော့။ ကိုယ်က ဟိုဘက်ထဲကနေပြီးတော့ ဒီဘက်ထဲကို ဝင်လာတယ်ဆိုပြီးတော့ မတူဘူးပေါ့။ ဒါပေမဲ့ ဒီဘက်ရောက်တော့ နွေးနွေးထွေးထွေးနဲ့ အကောင်းဆုံး ကြိုဆိုတယ်။ ကိုယ်တွေ ထင်ထားတာထက်တောင် ပိုပြီးတော့ ကောင်းမွန်ပါတယ်။ သူတို့ကိုလည်း သူတို့မိဘတွေနဲ့ ဆုံစည်း ပြန်နေစေချင်တယ်။ အကုန်လုံးကို ဒီကနေ ဖိတ်ခေါ်တယ်။ မိသားစု စုံစုံလင်လင်နဲ့ ဖြစ်စေချင်တယ်။ **သတင်းစဉ်**

## အိမ်မဲမြို့ အထက(၂)၌ မူးခင်းကျဆင်းရေးအသိပညာပေး ဟောပြော



**အိမ်မဲ ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက(၂) ပညာ့ဗိမာန်ခန်းမတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးဆောင်၍ မူးခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ငွေမျိုးမြင့်နီက အမှာစကား ပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုအကြောင်းအရာများ၊ မြို့မ ရဲစခန်းမှ ဒုရဲမှူးလေးနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် မူးခင်းကျဆင်းရေး အကြောင်းအရာများကို ဟောပြောသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မူးခင်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

# အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသမီးစေတနာ့ဝန်ထမ်း ဆယ်အိမ်မှူးများနှင့် တွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ ဇွန် ၁၁ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းပေါ်ခုံကျေးရွာ၌ ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဆောင်ရွက်မည့် အမျိုးသမီးစေတနာ့ဝန်ထမ်း ဆယ်အိမ်မှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်များတိုးမြှင့်ရန်နှင့် လူနေမှုဘဝပုံစံကို ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ပြောင်းလဲပေးရန်လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင် အမျိုးသမီးအဖွဲ့အစည်းများက မိမိတို့ကဏ္ဍအလိုက် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားပြီး အမျိုးသမီးစေတနာ့ဝန်ထမ်း ဆယ်အိမ်မှူးများအား ထောက်ပံ့ငွေများနှင့် အမှတ်တရပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ဇေယျာသီရိခရိုင်အတွင်း သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု



**နေပြည်တော် ဇွန် ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ ရှင်းလင်းဆောင်၌ ရွှေဇေယျာစိုက်ပျိုးရေးသမဝါယမအသင်း အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျေးရွာသမဝါယမအသင်းများမှ ထွက်ရှိလာသော စပါးများအား ရွှေဇေယျာစိုက်ပျိုးရေး သမဝါယမအသင်းနှင့် အောင်နိုင်သစ္စာကုမ္ပဏီတို့ပူးပေါင်း၍ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာ-ကိုရီးယား အဆင့်မြင့်ဆန်စက်တွင် ကြိတ်ခွဲဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် ရွှေဇေယျာစိုက်ပျိုးရေးသမဝါယမအသင်းသားတောင်သူ ဦးထွန်းကျော်၏ နွေစပါးစိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျေးရွာအတွင်း သင်တန်းသားတစ်ဦး၏ အိမ်သုံးလျှပ်စစ်ပစ္စည်းများ ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ အိမ်တိုင်ရာရောက်ရေမီတာသုံးစနစ် ဆောင်ရွက်ထားရှိမှုနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထုထောင်ခြင်းလုပ်ငန်းစီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသော ဝက်မွေးမြူရေးလုပ်ငန်းကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းဆောင်ရွက်နေသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇွန် ၁၂**

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ်(၃၅) ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တက်ရောက်**

ဦးစွာ (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အမှာစကားပြောကြားပြီး (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အာဇာနည်နေ့ အခမ်းအနားနှင့် ပတ်သက်၍ ဆပ်ကော်မတီ ဖွဲ့စည်းမှုများနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက် ထားရှိမှုများကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၂**

NSSA ၏ ရှေ့ဆက်ဆောင်ရွက်မည့် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်တွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို စုပေါင်းအဖြေရှာနိုင်ရန်နှင့် ဖြေရှင်းနိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်း၊ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်း



ရေးအဖွဲ့ (NSSA) အဖွဲ့ဝင်များ တက်ရောက်သည်။

အစည်းအဝေးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဖြေဆိုသူ ၂၅၀၀ အား စစ်ဆေးအကဲဖြတ်နိုင်ရေး၊ NSSA အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားခြင်းကို အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ အစိုးရ/ပုဂ္ဂလိက သင်တန်းကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်နိုင်ရေးနှင့် လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအား Digitalization အသွင်ကူးပြောင်းနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့ပြင် NSSA ၏ လုပ်ငန်းများ အရည်အသွေးအာမခံချက်ရှိရှိဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ Test Item Database အသုံးပြု၍ စစ်ဆေး အကဲဖြတ်နိုင်ရေး၊ ကျွမ်းကျင်လုပ်သား အများဆုံးလိုအပ်သည့် အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုစံများ ပြန်လည်သုံးသပ်နိုင်ရေး၊ ဖြေဆိုသူလက်စွဲစာအုပ်နှင့် စစ်ဆေးအကဲဖြတ်သူ လက်စွဲစာအုပ်များပြုစုနိုင်ရေး၊ NSSA အသိအမှတ်ပြုလက်မှတ် လျှောက်ထားသည့် သင်တန်းကျောင်းနှင့် စစ်ဆေးအကဲဖြတ်ရေး ဌာနများအား အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေး ကောက်ခံနိုင်ရေး၊ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ၏ သက်တမ်းကာလ သတ်မှတ်နိုင်ရေးနှင့် NSSA Web Portal မှတစ်ဆင့် Application Form ဖြင့် လျှောက်ထားမှုကို ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် စတင်အသုံးပြုနိုင်ရေးတို့ကို တက်ရောက်လာသူများက ဝိုင်းဝန်းအဖြေရှာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူတိုင်းလက်လှမ်းမီသော သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ဖော်ဆောင်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

လူတိုင်းလက်လှမ်းမီသော သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ၂၀၃၀ ပြည့်နှစ်တွင် ရရှိနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှသွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




**ပြောကြား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူများအား အရည်အသွေးပြည့်ဝသည့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရေးအတွက် ပြည်သူအခြေပြု သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ကျောင်းကျန်းမာရေးနှင့် သက်ကြီးဘိုးဘွား၊ အငြိမ်းစားဝန်ထမ်းများနှင့် ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြင့် နိုင်ငံတစ်ဝန်းလွှမ်းခြုံနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာသက်ထားပိုင်က ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ သွားနှင့်ခံတွင်းကျန်းမာရေး စစ်တမ်းကောက်ယူခြင်း(၂၀၂၂-၂၀၂၃)ဖြင့် ရရှိလာသည့် စစ်တမ်းတွေ့ရှိချက်များနှင့် ပထမအကြိမ်တွင် ရရှိခဲ့သည့် တွေ့ရှိချက်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် စုပေါင်းသွေးလှူဒါန်းနေမှု ကြည့်ရှုအားပေး



**မော်လမြိုင် ဇွန် ၁၂**

၂၀၂၆ ခုနှစ် ဇွန် ၁၅ ရက်တွင် ကျရောက်မည့် (၃၁)နှစ်မြောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးနှင့် မြို့နယ်ဦးစီးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ပြီး အရာထမ်း၊ အမှုထမ်းများ စုပေါင်း သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကာ စေတနာရှင် သွေးအလှူရှင်များ အတွက် အားဆေးများ၊ ကြက်ဥနှင့် အာဟာရ ဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**မြန်အောင် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက မြန်အောင်မြို့နယ်အတွင်းရှိ မိုတယ်၊ တည်းခိုခန်းများကို ယနေ့နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲအောင်၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ မိုတယ်၊ တည်းခိုခန်းများနှင့် စားသောက်ဆိုင်များကို မြို့နယ်မီးသတ်ဦးစီးဌာန သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများက မီးသတ်ဆေးဘူးများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများစစ်ဆေးခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရောဦးသာ**

# မြဝတီမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၏ နှစ်ပတ်လည်အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**မြဝတီ ဇွန် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဇွန် ၁၅ ရက်တွင် ကျရောက်မည့် (၃၁)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင်/မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်း ၁၃ ဦးက ယနေ့နံနက်ပိုင်းတွင် ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းခဲ့ကြသည့် ဝန်ထမ်း ၁၃ ဦးအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူတို့က အားပေးကြည့်ရှုကာ ချီးမြှင့်ငွေနှင့်ကြက်ဥ၊ နွားနို့၊ Brands ကြက်ပေါင်းရည် စသည့်အာဟာရများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**





# ဥပဒေရေးရာနှင့် မှူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ကျိုက်မရော ဇွန် ၁၂**

ကျိုက်မရောမြို့နယ် အထကပိန္နဲကုန်းကျောင်း၌ မြို့နယ်ပညာရေးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ စာဖတ်ရိန်မြှင့်တင်ရေး၊ ဥပဒေရေးရာ၊ မှူခင်းကျဆင်းရေးနှင့် စားသုံးသူများ၏ အခွင့်အရေးများအကြောင်း ပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ အထကပိန္နဲကုန်း ကျောင်းအုပ်ဆရာကြီး ဒေါ်ခင်သန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးနော်ခမ်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့်အချက်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မြင့်သက်ထွေးက ကလေးအလုပ်သမားပပျောက်ရေးနှင့် ကလေးသူငယ်ဥပဒေ၊ စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူအခွင့်အရေးများအကြောင်း ပညာပေးဟောပြောကာ မှူခင်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# ပေါင်းတည်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**ပေါင်းတည် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲများ ကျင်းပသည်။

ပြိုင်ပွဲများတွင် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးဆုစံနှင့် ဝန်ထမ်းများက ပြိုင်ပွဲဝင်များအား အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **ရွှေသား(IPRD)**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၃) သင်တန်းဆင်းပွဲ ကျင်းပ





**ရန်ကုန် ဇွန် ၁၂**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၁၃) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသီဃခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ပေးအပ်**

ဦးစွာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀၊ သင်တန်းသူ ၄၄၈ ဦး၊ စုစုပေါင်း ၄၉၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၂၆ ခုနှစ် မေ ၁၁ ရက်မှ ဇွန် ၁၂ ရက် အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ရှိ သင်တန်းသား သင်တန်းသူ အဆောင်များနှင့် စားရိပ်သာများကို လည်းကောင်း၊ AI သင်တန်းမှ သင်တန်းသား သင်တန်းသူများ၏ အဖွဲ့လိုက် ဆွေးနွေးမှုများကို လည်းကောင်း ကြည့်ရှုပြီး ရတနာသီဃခန်းမ၌ အလယ်အလတ်အဆင့် အရာထမ်း သင်တန်း အမှတ်စဉ်(၁၅)၊ အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၂၂၆)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၁၈)တို့မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ ဆိုင်းဘုတ်တင်အခမ်းအနားနှင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ဘားအံ ဇွန် ၁၂**

"ကလေးသူငယ်များ အတွက် မျှတဖို့၊ လူကြီးများအတွက် သင့်လျော်အလုပ်အကိုင် ဖန်တီးလို့ ကလေးအလုပ်သမား တားဆီးစို့" ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ကလေး အလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ Billboard စိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ အဝင် ရွှေဖားစည်အဝိုင်း၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မြေစိုက်ပိုစတာ Billboard ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြေစိုက်ပိုစတာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ပါဝင်အားဖြည့်ကူညီပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကမ္ဘာ့ကလေး အလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအလိုက် ကော်မတီအတွင်းရေးမှူးများက ကလေးအလုပ်သမား ပပျောက်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ၊ ကလေးအလုပ်သမားနှင့် စပ်လျဉ်းသည့် ဥပဒေရေးရာကိစ္စရပ်များ၊ အန္တရာယ်ရှိသော အလုပ်နှင့် လုပ်ငန်းခွင်များမှ ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရန် သက်မွေးကျောင်းများသို့ တက်ရောက်နိုင်စေရေး စီမံ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ ခင်ကျင်းပြသထားသော လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အထက်တန်းရှေ့နေအားထုတ်ပေးသည့် တာဝန်ခံလက်မှတ်များပေးအပ်

**နေပြည်တော် ဇွန် ၁၂**

အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၂)၌ ကျင်းပရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဒေါ်ပြုံးပြုံးအေးနှင့် ဦးဝင်းမြင့်၊ အလုပ်သင်ရှေ့နေများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် အလုပ်သင်ရှေ့နေ ၁၀၉ ဦးအား အထက်တန်းရှေ့နေအား ထုတ်ပေးသည့် တာဝန်ခံလက်မှတ်များ ပေးအပ်ရာ လက်မှတ်ရရှိသူများက ကတိသစ္စာပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# သာယာဝတီမြို့၌ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေ အသိပညာပေးဟောပြော

**သာယာဝတီ ဇွန် ၁၂**

သာယာဝတီမြို့ ၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲကို ဇွန် ၉ ရက်က သာယာဝတီမြို့နယ် အထက(စံရွေး) ငွေယမုံဆောင်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ သာယာဝတီခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး သာယာဝတီခရိုင် ဥပဒေရုံးမှ ခရိုင် ဥပဒေအရာရှိက ဥပဒေအသိပညာ ပြန့်ပွားရေးအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှု၊ သာယာဝတီခရိုင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက သဘာဝဘေးနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် နယ်မြေရဲစခန်းမှ ရဲအုပ်ဦးသန့်ဇော်ထွေးက မှုခင်းဆိုင်ရာနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပျဉ်းမနားမြို့နယ်လူမှုဖူလုံရေးရုံးတွင် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုနယ်မြေလူမှုဖူလုံရေးရုံးလက်အောက်ရှိ ပျဉ်းမနား မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် . မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးအလုပ်ဌာနမှ အာမခံအလုပ်သမား ဒေါက်တာဝေဖြိုးသူသည် ၂၀၂၆ ခုနှစ် မတ် ၆ ရက်တွင် အလုပ်တာဝန်များ ထမ်းဆောင်ခဲ့ပြီး လုပ်ငန်းခွင်မှအပြန်လမ်းတွင် ယာဉ်တိုက်မှုဖြစ်၍ အလုပ်ခွင်(ပြင်ပ)ထိခိုက်ဒဏ်ရာရ သေဆုံးမှုဖြစ်သည့်အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးအလုပ်ဌာန၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေ၊ နည်းဥပဒေပါ အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလုပ်ခွင်(ပြင်ပ) ထိခိုက်ဒဏ်ရာရ သေဆုံးမှု (EI)အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၁၁၈၆၇၀၄၀ အား ဒေါက်တာဝေဖြိုးသူ၏ ဇနီး ဒေါ်ဝါဝါကျော်ထံသို့ အလုပ်ဌာန တာဝန်ရှိသူများနှင့် မိသားစုဝင်များ၏ ရှေ့တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

ပညာရွှေအိုး လူမခိုး

ပညာရဲရင့် ပွဲလယ်တင့်

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့်ဝင်ရောက်နေခဲ့သည့်တရုတ်နိုင်ငံသားလေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၄၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၇ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ နှစ်လုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၅၈ လုံးဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၁၂

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ နှစ်လုံးကို ထပ်မံ၍စနစ်တကျဖြိုချဖျက်ဆီးခဲ့သည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ နှစ်လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၅၈ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ၁၉ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုး၊ မိုးညှင်းမြို့နယ်၌ ငွေကျပ် ၁၆၂ သိန်းတန်ဖိုးနှင့် ညောင်တုန်းမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၂

လယ်ဝေးမြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုး၊ မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၁၆၂ သိန်းတန်ဖိုးနှင့် ညောင်တုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် ညနေ ၅ နာရီတွင် သတင်းအရ လယ်ဝေးမြို့နယ် ကြာကန်ကျေးရွာအနီးတွင် တောင်ငူမြို့ (၁၀)ရပ်ကွက်နေ မြင့်သူ(၅၅)နှစ် မောင်းနှင်လာသော MITSUBISHI OUTLANDER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀၀) သိမ်းဆည်းရမိသဖြင့် မြင့်သူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူဇွန် ၉ ရက် နံနက် ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးညှင်းမြို့နယ် နန့်စီးအောင်ရွာအနီး၌ မိုးကောင်းမြို့နယ် ပဲခူးစုရွာနေ သန်းနိုင်ဦး(၃၂)နှစ် မောင်းနှင်ပြီး အင်းတော်မြို့နယ် ပေကုန်းရွာနေ အောင်မြင့်ထွန်း(ခ)ထွေးပို(၄၈)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆၂ သိန်း) သိမ်းဆည်းရမိသဖြင့် သန်းနိုင်ဦးနှင့် အောင်မြင့်ထွန်း(ခ) ထွေးပိုတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ ဇွန် ၁၁ ရက် နံနက် ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်တုန်းမြို့နယ် အရွှဲကျေးရွာအနီးတွင် ရန်ကုန်မှ ဖျာပုံသို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည် လှိုင်သာယာမြို့နယ် (၉)ရပ်ကွက်နေ ထက်မြတ်ကျော်(၂၂)နှစ် သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၀၀) သိမ်းဆည်းရမိသဖြင့် ထက်မြတ်ကျော်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူ သန်းနိုင်ဦးနှင့် အောင်မြင့်ထွန်း(ခ)ထွေးပိုတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## ပဲခူးမြို့၌ Football For School Program Launching Ceremony ကျင်းပ




ပဲခူး ဇွန် ၁၂

Football For School Program Launching Ceremony ကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ဦးစွာ ကျောင်းသားအားကစားသမားများက ကွင်းအတွင်း ရောက်ရှိ နေရာယူကြပြီး အားကစား သစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က FIFA (အပြည်ပြည်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်) နှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်း၍ အခြေခံပညာကျောင်းမှ ကလေးများ ဘောလုံးအခြေခံနည်းစနစ်များ သိရှိနားလည်လာစေရေး သင်ကြားပေးသည့် အစီအစဉ် တစ်ခုဖြစ်ကြောင်း ပြောကြားပြီး မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ်က လှူဒါန်းသည့် No(4) ဘောလုံးများကိုပဲခူးတိုင်းဒေသကြီး ပညာရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ အဆင့်(D) လက်မှတ်ရ နည်းပြသင်တန်း တက်ရောက်ထားသည့် ကာယပညာဆရာများက ကျောင်းသားအားကစား သမားများအား Foodball For School သင်ခန်းစာများ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် Football For School Launching Ceremony တက်ရောက်



တောင်ကြီး ဇွန် ၁၂

၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် ရှမ်းပြည်နယ် Football For School Launching Ceremony အခမ်းအနားကို ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် နည်းပြများ တက်ရောက်ကြ သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး အမှတ်(၁)နှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ရာတပ်ဖွဲ့နှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် FIFA က လှူဒါန်းသည့် NO–4 ဘောလုံးများကို MFF ကိုယ်စား တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူသည်။

ထို့နောက် MFF “D” Certificate Coaching Course တက်ရောက်ထားသည့် ကာယပညာဆရာများက ကျောင်းသား ကျောင်းသူ အားကစားသမားများအား Football For School သင်ခန်းစာများ လက်တွေ့သရုပ်ပြ သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**❂ FIFA မှ**

တိုင်းဒေသကြီးအသီးသီးတွင် ဇွန် ၁၂ ရက်က ကျင်းပသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ရည်ရွယ်သည့် အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် အထက(၆) အားကစားကွင်းတွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်စောဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အမှာစကားပြောကြားပြီး FIFA က လှူဒါန်းသည့် Adidas Size–4 ဘောလုံးများကို MFF ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်စောဦးက နေပြည်တော် ပညာရေးမှူး ဒေါက်တာကျော်လွင်ထံ လွှဲပြောင်းပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများအတွက် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် Football For School Launching Ceremony ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) အလက(၁) အားကစားကွင်းတွင် ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေးက အမှာစကားပြောကြားပြီး FIFA က လှူဒါန်းသည့် Adidas Size–4 ဘောလုံးများကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် ကျောင်းတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

MFF “D” Certificate Coaching Course တက်ရောက်ထားသည့် ကာယပညာ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူ အားကစားသမားများအား Football for School သင်ခန်းစာများ အတိုင်း ကွင်းအတွင်း လက်တွေ့သရုပ်ပြ သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

**သတင်း–ညီမြတ်သော်တာ၊ ဓာတ်ပုံ–MFF**

## မြောင်းမြမြို့၌ မူခင်းပညာပေးဟောပြော

မြောင်းမြ ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မှုခင်းပညာပေး ဟောပြောပွဲကို ဇွန် ၁၂ ရက်နံနက်ပိုင်းက သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး သောင်းထိုက်က မူးယစ်ဆေးဝါးအန္တရာယ်၊ အွန်လိုင်းလိမ်လည်မှုတို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ထို့နောက် အမှတ် (၈၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်အောင်သန်းမင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ လူကုန်ကူးမှုတာဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်အောင်မျိုးသန့်က လူမှောင်ခိုနှင့်လူကုန်ကူးမှုအကြောင်းကို လည်းကောင်း အသိပညာပေးဟောပြောကာ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**

## Social Media များတွင် ရထားလက်မှတ်များကို ဝန်ဆောင်ခဖြင့် ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်

ရန်ကုန် ဇွန် ၁၂

Social Media များတွင် ရထားလက်မှတ်များကို ဝန်ဆောင်ခဖြင့် ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ အသိပေးထုတ်ပြန်ထားသည်။

မြန်မာ့မီးရထားက ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှစ၍ ရထားစီးခရီးသွားပြည်သူများ လက်မှတ်ဝယ်ယူရာတွင် အဆင်ပြေချော့မွေ့စေရန်အတွက် ရန်ကုန် – မန္တလေးလမ်းပိုင်း ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရထားများအား အွန်လိုင်းမှ ရထားလက်မှတ်ဝယ်ယူနိုင်သော Web base(ORTP)စနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဧပြီ ၄ ရက်တွင် မြန်မာ့မီးရထားက ထို ORTP စနစ်တည်ဆောက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် တင်ဒါအောင်မြင်သော နည်းပညာကုမ္ပဏီ၏နည်းပညာဝန်ဆောင်ခအတွက် လက်မှတ်တစ်စောင်လျှင် (၂၀၀/–)ကျပ်ဖြင့် ဘဏ်များက တရားဝင်သတ်မှတ်ထားသော ငွေလွှဲဝန်ဆောင်ခကို ကောက်ခံခွင့်ပြုခဲ့ရာ ယခုအခါ Social Media များဖြစ်သော Tiktok၊ Facebook၊ Telegram၊ Viber များဖြင့် ကြော်ငြာ၍ ဝန်ဆောင်ခဖြင့် ရထားလက်မှတ်များကိုဆောင်ရွက်ပေးနေကြောင်း တွေ့မြင်ကြားသိနေရသည်ဟု ပါရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် အွန်လိုင်းမှဝယ်ယူရန် ခက်ခဲသော ခရီးသည်များကို ဘူတာရုံများတွင် အထောက်အကူပြုကောင်တာများ ထားရှိခြင်း၊ ဘူတာဝန်ထမ်းများက လက်မှတ်ရုံများတွင် ORTP စနစ်ဖြင့် ဝယ်ယူပေးခြင်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကိုယ်စားလှယ်အဖြစ် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ဝန်ဆောင်ခကောက်ခံရန် တာဝန်ပေးအပ်ထားခြင်း လုံးဝမရှိကြောင်း သိရသည်။

**MT**




## တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားဘောလုံးပြိုင်ပွဲတွင် စတုတ္ထဆုရရှိခဲ့သော ကချင်ပြည်နယ် ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား ဇွန် ၁၂

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈) နှစ် အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြုလက်ရွေးစင်အမျိုးသားဘောလုံးအသင်းသည် စတုတ္ထဆု ရရှိခဲ့သဖြင့် ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး စတုတ္ထဆုရ ပြည်နယ်ဘောလုံးအသင်းအတွက် ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၇၅၀၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာစီးပွားရေးတက္ကသိုလ် Job-Ready Skills သင်တန်းဆင်းပွဲ တက်ရောက်



**မုံရွာ ဇွန် ၁၂**

မုံရွာစီးပွားရေး တက္ကသိုလ် Job-Ready Skills သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ငွေရတုခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆-၂၀၂၇ ခုနှစ် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စိုက်ဧကအပြည့် အဝစိုက်ပျိုးနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ၂၀၂၆-၂၀၂၇ ခုနှစ် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးလျက်ရှိသည့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စိုက်ဧကအပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေ့နေကျင့်ဝတ်သိက္ခာနှင့် AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်း ပြုလုပ်

**နေပြည်တော် ဇွန် ၁၂**

ရွှေ့နေကျင့်ဝတ်သိက္ခာနှင့် AML/CFT ဆိုင်ရာ အသိပညာပေးသင်တန်းကို ဇေယျာသီရိခရိုင်တရားရုံး၌ ယမန်နေ့က ပြုလုပ်ရာ ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းတွင် အထက်တန်းရွှေ့နေသက်သေခံလက်မှတ်ကိုင်ဆောင်သူများ လိုက်နာရန်အချက်များ၊ ရွှေ့နေကျင့်ဝတ်များ၊ စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း၊ ရွှေ့နေဆိုင်ရာအခွင့်အရေးများ၊ AML/CFT နှင့် မြန်မာနိုင်ငံ၏ကဏ္ဍ၊ နိုင်ငံတကာစံနှုန်းများ၊ ရွှေ့နေရွှေ့ရပ်များ၏တာဝန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်လျက်ရှိသော AML / CFT ဆိုင်ရာလုပ်ငန်းများ၊ လမ်းညွှန်ချက်များနှင့် AML / CFT ဆိုင်ရာ အရေးယူခြင်းများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို ညွှန်ကြားရေးမှူးချုပ်နှင့် ရွှေ့နေရွှေ့ရပ်နှင့် စစ်ဆေးရေးဌာန ညွှန်ကြားရေးမှူးတို့က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



# တွံတေးမြို့နယ်၌ ခရိုင်အဆင့် ဆယ်အိမ်စုမှူးဆရာဖြစ်သင်တန်း ဖွင့်လှစ်

**တွံတေး ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တွံတေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ခရိုင်အဆင့် ဆယ်အိမ်စုမှူးဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက တွံတေးမြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဒေါ်စန်းစန်းထွေး၊ တွံတေးခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးတို့က အမှာစကားများပြောကြားကြသည်။ ယင်းနောက် တောင်ပိုင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဉာဏ်ထွန်းဦးက သင်တန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော သင်တန်းဆရာမများက မြို့နယ်အဆင့် ဆင့်ပွားသင်တန်းအတွက် အထွေထွေများဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

**❍ Junior မှ**

ယင်းပြိုင်ပွဲတွင် မြန်မာလူငယ် ဂေါက်သီးရိုက်အားကစားသမားလေးဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ချိုသာအောင်က ဆုရရှိခဲ့ခြင်းဖြစ်သည်။ Junior World Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အိမ်ရှင်အင်ဒိုနီးရှားအပါအဝင် တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ နယူးဇီလန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ တောင်အာဖရိက၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့မှ အမျိုးသား ၇၉ ဦးနှင့် အမျိုးသမီး ၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့သည် တတိယဆုရယူနိုင်သည်အထိ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့တွင် အားကစားသမားများအဖြစ် ဆက်နိုင်အောင်၊ နိုင်ဦးကို၊ ချိုသာအောင်နှင့် နန်းဆိုင်အွမ်ငင်းတို့ ပါဝင်ကြသည်။

**သတင်း-ချစ်ကိုကို**

# နောင်ချိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**နောင်ချို ဇွန် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို ယမန်နေ့က ပတ္တမြားခန်းမဆောင်၌ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းအေးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် ကျောင်းသား ၃၉ ဦး၊ ကျောင်းသူ၄၆ ဦး စုစုပေါင်း ၈၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**☆ ကျောဖုံးမှ**

အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရာက်ကြိုဆိုကြသည်။

ရွှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာသောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အောင်ပွဲရရွှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ မိုးဦးကာလမှ**

ရေယာဉ်မောင်းနှင်သူများအနေဖြင့် မြစ်ရေမြင့်တက်မှုကြောင့် ရေလမ်းညွှန်အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် သတိပြုသွားလာရန်၊ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများရှိနိုင်သဖြင့် ရေယာဉ်စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ မောင်းနှင်ရန်၊ မြစ်ကူးတံတားများ ဖြတ်သန်းရာတွင် ရေလယ်တိုင်အုတ်ခုံများ ရေမြုပ်နေတတ်သဖြင့် တံတားရေလမ်းပြသင်္ကေတများ (မီးစိမ်း တြိဂံ/ မီးနီကြက်ခြေခတ်) ကို ကြည့်ရှုကာ လုံလောက်သောအကွာအဝေးမှ လမ်းကြောင်းမှန်အတိုင်း မောင်းနှင်ရန်၊တံတားအောက် ဖြတ်သန်းစဉ် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်မောင်းနှင်ခြင်း လုံးဝမပြုရန် အစရှိသည့် သတိပေးကြေညာချက်များကို ထုတ်ပြန်ထားသည်။

ဇွန်လ ၁၅ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ စစ်တောင်းမြစ်ဝှမ်းနှင့် ပဲခူးမြစ်ဝှမ်းဒေသများတွင် မြစ်ရေစီးဆင်းမှု သိသိသာသာမြင့်တက်လာနိုင်ပြီး အချို့နေရာများတွင် ရေကြီးမှုအန္တရာယ် "High Alert" (ရေကြီးနိုင်ခြေအန္တရာယ် မြင့်မားသည့်အဆင့်)နှင့် "Extreme Alert" (ရေကြီးနိုင်ခြေ အလွန်မြင့်မားသည့် အရေးပေါ်သတိပေးအဆင့်)အထိ GLoFAS က သတ်မှတ်ထားကြောင်း သိရသည်။

ထို့အပြင် လာမည့် ၁၀ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ကမ်းရိုးတန်းဒေသများတွင် မိုးရေချိန် ၃၀၀ မီလီမီတာကျော် (ရွာသွန်းနိုင်ခြေ ၈၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ) ရှိနေပြီး မိုးသည်းထန်စွာဆက်တိုက်ရွာသွန်းနိုင်ကာ စစ်တောင်းမြစ်ဝှမ်းနှင့် ပဲခူးမြစ်ဝှမ်းဒေသများတွင် ဇွန်လ ၁၇ ရက်မှ ၂၂ ရက်အတွင်း မြစ်ရေစီးဆင်းမှု အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနိုင်ပြီး ကမ်းနားဒေသများနှင့် မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ပြင်းထန်စွာဖြစ်ပွားနိုင်ကြောင်း မိုးလေဝသပညာရှင် ဦးဝင်းနိုင်က သတိပေးထားသည်။

မြစ်ကမ်းနားနီးစပ်သည့် အိမ်ခြေများအနေဖြင့် ဒီရေတက်ချိန်နှင့် မိုးသက်မုန်တိုင်းတိုက်ခိုက်ချိန် တိုက်ဆိုင်ပါက ရေလှိုင်းပုတ်ခတ်မှုဒဏ်ကြုံရနိုင်သဖြင့် အသက်ကယ်လှေများ ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် လိုအပ်ကြောင်းလည်း တိုက်တွန်းထားသည်။

**TWA**

**ဆိပ်ဖြူမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးမင်းမောင်၏ လမ်းညွှန်ချက်ဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးကိုကိုမောင် ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ဇွန် ၉ ရက်တွင် အလယ်ပိုင်းရပ်ကွက် မီးလောင်မှု၊ မီးလန့်မှုမရှိစေရေး စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ သရုပ်ပြ ခြင်းတို့ ဆောင်ရွက်ကြစဉ်။** ကိုမိုး



## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အထက (ကျုံဒါး)၊ Grade-11 မှ မအိသော်တာနှင်း၏ ဖခင်အမည်မှန်မှာ ဦးထက်အောင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇) တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၃၉၂၄ )**
**Ph–09954280932 LL.B, D.B.L, D.I.L, D.M.L,**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊ WIPO(Switzerland)**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ Ph:09420080932,09983837110**

## အမည်ပြောင်း

ဦးဆန်းအောင် [၁၁/ သတန(နိုင်) ၀၅၄၆၁၁]၏ သားဖြစ်သူ ထောက်ကြန့်၊ P.S.H (ကိုယ်ပိုင်အထက်တန်းကျောင်း) Grade–5 မှ မောင်ကောင်းဆက်ဟိန်းအား မောင်ဟန်ကောင်းဆက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟန်ကောင်းဆက်**

## မိခင်အမည်မှန်

တနသ်ာရီမြို့၊ အ.ထ.က Grade–6 မှ မဖူးယမုံဦး၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်စမ်း [၆/တသရ(နိုင်)၀၃၄၈၈၆] ဖြစ်ပါကြောင်း။

**ဒေါ်မြင့်စမ်း**

## အဆောက်အဦဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မုံရွာအကျဉ်းထောင်တွင် (၆)ခန်းတွဲတစ်ထပ်ဝန်ထမ်းနေအိမ် (၁၄၆'x၃၅'၆''x၁၂') (၁)လုံး၊ အကျဉ်းသားတစ်ထပ်အိပ်ဆောင် ( ၇၀'x၂၄'x၁၂')(၁)လုံးနှင့် ရေချိုးကန် (၃၀'x၅'x၃') (၁)ကန်အား ဆောက်လုပ်ရန်လိုအပ်ပါသဖြင့် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ မုံရွာအကျဉ်းထောင်၊ မုံရွာမြို့၊ တယ်လီဖုန်းအမှတ်၊ ၀၇၁–၂၁၀၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက် | – ၁၂–၆–၂၀၂၆ ရက်နေ့ ၀၉:၀၀ နာရီမှ ၂၅–၆–၂၀၂၆ ရက်နေ့ ၁၆:၀၀ နာရီအထိ (ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်) |
| တင်ဒါအဆိုပြုလွှာများ ရောင်းချခြင်း၊ Profile, ဈေးနှုန်းတင်သွင်းလွှာနှင့် BQ, Estimate များစိစစ်လက်ခံခြင်း | – ၁၂–၆–၂၀၂၆ ရက်နေ့ ၁၀:၀၀ နာရီမှ ၂၅–၆–၂၀၂၆ ရက်နေ့ ၁၆၀၀ နာရီထိ (ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်) |
| တင်ဒါဖွင့်မည့်ရက် | – ၂၆–၆–၂၀၂၆ ရက်နေ့ နံနက် ၁၀:၀၀ နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | – မုံရွာအကျဉ်းထောင် အကျဉ်းဦးစီးဌာန၊ မုံရွာမြို့ |

**တင်ဒါကော်မတီ**
**အကျဉ်းဦးစီးဌာန၊ မုံရွာအကျဉ်းထောင်၊ မုံရွာမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၀၆၊ မြေကွက်အမှတ် – ၁၄၈၉၊ အကျယ် (၄၀'x၆၀')၊ မြေအမျိုးအစား–ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၄၈၉)၊ လှော်ကားလမ်း၊ (၁၀၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးစန်းလှိုင် (BHN – ၀၁၀၂၁၉)အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးကျော်နိုင် [၁၂/လမန(နိုင်)၁၀၁၄၄၇]က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမျိုးမင်းဟိန်း ဦးကောင်းမြတ်ဇော်**
**အထက်တန်းရှေ့နေ (စဉ် – ၅၆၁၃၉) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၇၉၂)**
**အမှတ် (၃၃/၄၉)၊ Strand Condo၊ အခန်းအမှတ်–၄၀၂၊ (၄–လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ ဦးအောင်ဇေယျလမ်း၊ မြေကွက်အမှတ် (၂၁၆)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဒေါ်မိုးမိုးအောင် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ် (B/N) နေအိမ်(၁)လုံး၊ ရေ၊ မီးအစုံအလင်အပါအဝင် ယင်းတို့ နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မိုးမိုးအောင်အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ဌေးရီ [၁၂/ရကန (နိုင်) ၀၂၇၁၁၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နွေဦးလှိုင် [၁၂/တတန (နိုင်) ၂၀၈၁၁၀]က (၃–၆–၂၀၂၆)ရက်စွဲပါ "မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအားလုံး အပြည့်အဝပေးချေ၍ အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွေဦးလှိုင် တစ်ဦးတည်းသာလျှင် အဆိုပါမြေနှင့်အိမ်ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်နီလာဦး**
**LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်–၃၉၁၁၃)**
**အမှတ် – ၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ(၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း – ၀၉–၂၆၄၅၀၉၉၄၅၊ ၀၉–၂၅၉၄၆၄၂၅၅**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၁၅၆၊၁၅၇၊၁၅၈၊ ၁၅၉၊၁၆၀၊၁၆၁)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(–)၊ မြေကွက်အမှတ်(၁၅၆၊၁၅၇၊၁၅၈၊၁၅၉၊၁၆၀၊၁၆၁) မြေဧရိယာ(၀.၃၃၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းမှတ်တမ်းတွင် (၁) ဦးအောင်မျိုးသန့် [၁၂/ကမရ(နိုင်)၀၄၉၃၈၉]၊ (၂)ဦးအောင်ဝင်း [၉/မရမ(နိုင်)၀၃၇၅၈၅]နှင့် (၃) ဦးသက်ဇော်လင်း [၁၂/လမန(နိုင်)၁၄၁၇၁၆]တို့၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းတို့မှ မိမိတို့အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ရောင်းချသူများထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုသဲမေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၀၇)**
**အမှတ်(၂၄/အေ)၊ ပြည်ရိပ်မွန်လမ်းသွယ်၊ ဝဂ္ဂီအိမ်ရာ၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၀၀၇၀၄၉**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့၊ အိုးဘိုအရှေ့ရပ်ကွက်၊ ရေလယ်(၁)လမ်းတွင်နေထိုင်သော ဦးအောင်သန်း၏ သမီး [၁၂/တတန(နိုင်)၁၀၆၉၃၅]ကိုင်ဆောင်သူ ဒေါ်ထွေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဦးမြသိန်း(ဘ) ဦးစံရွှေ[၁၂/တတန(နိုင်) ၁၀၆၆၇၁] နှင့် ဒေါ်ထွေးမြင့် (ဘ) ဦးအောင်သန်း[၁၂/တတန(နိုင်) ၁၀၆၉၃၅] တို့၏ သမီးဖြစ်သူ မနီလာအေး[၁၂/တတန(နိုင်) ၁၈၈၂၂၃]သည် မိခင်၏ဆိုဆုံးမမှုများကို နာခံမှုမရှိသည့်အပြင် မိခင်ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုလုပ်ပြီး မိခင်အား စိတ်ဆင်းရဲအောင်ပြုမူဆောင်ရွက်သွားပါသဖြင့် ၎င်းကိုသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် (၂၀–၈–၂၀၂၅)ရက်နေ့က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော မေတ္တာဖြင့်ပေးကမ်းခဲ့သည့် အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ၎င်းမေတ္တာဖြင့်ပေးကမ်းခြင်းကတိစာချုပ်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်သောကြောင့် ထိုအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ မနီလာအေးနှင့် လုံးဝ(လုံးဝ)မသက်ဆိုင်တော့ကြောင်းနှင့် နောက်နောင်တွင် မနီလာအေးနှင့် ပတ်သက်သည့် ကိစ္စရပ်အဝဝကို မိခင်နှင့် ညီအစ်ကိုမောင်နှမများမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ထိုရုပ်သိမ်းပြီးသော အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ မိခင်ဖြစ်သူ၏သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်း စသည်တို့အား မပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း၊ ထိုသို့ ပြုလုပ်သူများအားလုံးတို့အား တရားဥပဒေအရ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်ပေးသူ**
**ဒေါ်ထွေးမြင့် (ဘ) ဦးအောင်သန်း**
**[၁၂/တတန(နိုင်) ၁၀၆၉၃၅]**
**ရေလယ်(၁)လမ်း၊ အိုးဘိုအရှေ့ရပ်ကွက်၊ တွံတေးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီနီလွင် ( L L. B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၁၉၄၂)**
**မင်္ဂလာလမ်း ၊ အိုးဖိုအရှေ့ရပ်ကွက်၊ တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၁၃၀၉၁၉၊ ၀၉–၇၉၉၅၁၉၉၃၅**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည် -

| စဉ် | ရာထူး | လစာနှုန်းကျပ် | ခန့်ထားမည့် ရာထူးနေရာ |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃၅ |
| (ခ) | ငွေကိုင်-၄ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၀ |
| (ဂ) | ဒု-လက်ထောက် ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၀ |
| (ဃ) | ယာဉ်မောင်း-၅ | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၃ |
| (င) | ရုံးအကူ/စာပို့ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၃ |
| (စ) | အစောင့် | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၇ |
| (ဆ) | သန့်ရှင်းရေး | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၂ |

၂။ အဆိုပါ ရာထူးနေရာများအား အောက်ပါ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ယှဉ်တွဲဖော်ပြပါ အရေအတွက်အတိုင်း ခန့်အပ်သွားမည် ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အငယ် တန်း စာရေး | ငွေ ကိုင် (၄) | ဒု-လ/ထ ကွန်ပျူတာ လုပ်ဆောင် ရေးမှူး | ယာဉ် မောင်း ၅ | ရုံး အကူ/ စာပို့ | အစောင့် | သန့် ရှင်း ရေး | စုစုပေါင်း ဦးရေ |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရုံးချုပ် | ၅ | ၁ | ၅ | ၃ | ၁ | ၂ | ၂ | ၁၉ |
| ၂ | နေပြည်တော် | ၁ | ၁ | ၁ | | ၁ | - | | ၄ |
| ၃ | ပဲခူးတိုင်းဒေသကြီး | ၉ | ၄ | ၄ | | ၃ | ၁ | | ၂၁ |
| ၄ | မကွေးတိုင်းဒေသကြီး | ၅ | ၃ | ၂ | | ၁ | ၁ | | ၁၂ |
| ၅ | မန္တလေးတိုင်းဒေသကြီး | ၂ | ၃ | ၂ | | ၁ | ၁ | | ၉ |
| ၆ | မွန်ပြည်နယ် | ၁ | ၁ | ၁ | | ၁ | | | ၄ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၂ | ၁ | | ၁ | ၁ | | ၇ |
| ၈ | ရှမ်းပြည်နယ် | | ၁ | | | ၁ | | | ၂ |
| ၉ | ဧရာဝတီတိုင်းဒေသကြီး | ၁၀ | ၄ | ၄ | | ၃ | ၁ | | ၂၂ |

၃။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)၊ (ခ)နှင့် (ဂ) လျှောက်ထားသူများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်မြင်ပြီး ကွန်ပျူတာဆိုင်ရာကျွမ်းကျင်မှုလက်မှတ်ရရှိပြီး (ကွန်ပျူတာကို ကျွမ်းကျင်စွာအသုံးပြုနိုင်သူ)ဖြစ်ရမည်။ ၃၁-၅-၂၀၂၆ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး၊ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်း ဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများ တက်ရောက်နိုင်သူဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဂ) အမှတ်စဉ် (ဃ) လျှောက်ထားသူများသည်ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီးသူ ဖြစ်ပြီး ယာဉ်မောင်း အတွေ့အကြုံ (၂)နှစ်ရှိရမည်။ ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဃ) အမှတ်စဉ် (င) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီး ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင်အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(င) အမှတ်စဉ် (စ) လျှောက်ထားသူများသည် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(စ) အမှတ်စဉ် (ဆ) လျှောက်ထားသူများသည် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ရယူ၍ လျှောက်ထားရမည်။

(ဇ) လျှောက်ထားသူသည် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ- ၁၂ လက်မှတ်ရရှိပြီး သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက် (၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။

(ဈ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ၊ ငွေကြေးအရှုပ်အရှင်း ကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဘဏ်ခွဲအသီးသီးတွင်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ **Website (https://www.madb.gov.mm)** တွင် **download** ပြုလုပ်၍ သော်လည်းကောင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထား များပူးတွဲတင်ပြရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် တိုင်းဒေသကြီး ပြည်နယ်/ခရိုင်/မြို့နယ် ရဲစခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊

(စ) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃) ပုံ၊

(ဆ) ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးသူသည် ပုံစံ-၁၂ လက်မှတ်၊

၅။ လျှောက်ထားသူများသည် လျှောက်လွှာများကို ရုံးချုပ် (စီမံခန့်ခွဲရေးဌာနခွဲ)၊ အမှတ်(၂၆/၄၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဘဏ်ခွဲများသို့ ၁၅-၇-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်မျိုးမျိုး ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင်(မပျက်မကွက်)ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၇။ လျှောက်ထားသူများအား အောက်ပါအချိန်ဇယားအတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲအသီးသီးတွင် အရည်အချင်းစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | လျှောက်ထားသည့် ရာထူး | ဖြေဆိုမည့် ဘာသာရပ် | နေ့ရက်/အချိန် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | အထွေထွေဗဟုသုတ (ရေးဖြေ) | ရက် ( ၁ -၈-၂၀၂၆ ) နံနက် (၉:၃၀) နာရီ မှ (၁၁:၀၀) နာရီအထိ |
| (ခ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်း | ရက် ( ၁ -၈-၂၀၂၆ ) မွန်းတည့်(၁၂:၀၀)နာရီ မှ (၁၃:၀၀) နာရီအထိ |
| (ဂ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | လူတွေ့/နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |
| (ဃ) | ယာဉ်မောင်း-၅ | လူတွေ့ / နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |
| (င) | ရုံးအကူ/စာပို့ | လူတွေ့ / နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |
| (စ) | အစောင့် | လူတွေ့ / နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |
| (ဆ) | သန့်ရှင်းရေး | လူတွေ့ / နှုတ်ဖြေ | ရက် ( ၃ -၈-၂၀၂၆ ) နံနက် (၁၀:၃၀) နာရီ |

၈။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၂၈- ၇-၂၀၂၆ ရက်နေ့တွင် ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ပါရှိရမည်။

၉။ ရွေးချယ်ခန့်ထားသည့်အမည်စာရင်းကို ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

| စဉ် | ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ် | ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ |
|---|---|---|
| ၁ | ရုံးချုပ် | ၀၁-၃၉၁၂၃၂၊ ၀၉-၄၄၂၆၆၄၆၆၄ |
| ၂ | နေပြည်တော် | ၀၆၇-၅၅၀၃၄၆၊ ၀၆၇-၅၅၀၃၄၄ |
| ၃ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၂၅၂၆၊ ၀၇၄-၂၅၂၂၃၈၁ |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၃၉၈ |
| ၅ | ချင်းပြည်နယ် | ၀၉-၄၀၀၃၁၁၈၇၁၊ ၀၇၀-၂၁၀၉၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၁၂၅၇ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၃၀၀၇၇၊ ၀၅၂-၂၂၃၀၀၂၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၆၆၈၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၃၄၉၃၊ ၀၂-၄၀၆၉၇၄၀ |
| ၁၀ | မွန်ပြည်နယ် | ၀၅၇-၂၄၈၀၃ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၆၅၀၄၀၁၊ ၀၁-၆၅၀၃၉၈ |
| ၁၂ | ရှမ်းပြည်နယ် | ၀၈၁-၂၁၂၂၃၉ |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၉၁၂၇၊ ၀၄၂-၂၉၁၂၆ |

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၉)၊ လူနေရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၄၅)၊ တပင်ရွှေထီးလမ်း၊ အကျယ်အဝန်းဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိ ပြု၍ မြေနှင့်အိမ်ရောင်းချသူဖြစ်သော ဒေါ်ခင်မာလာ [၁၂/ဥကမ(နိုင်) ၀၄၀၆၇၀]ထံသို့ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် မြေနှင့် အိမ်တန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယခု မြေနှင့်အိမ်ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန္ဒာစိုး**
**တရားလွှတ်တော်ရှေ့နေ (အမှတ်စဉ်– ၈၅၃၇/၂၀၁၂)**
**အမှတ်(၅၅/၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၀၉၅၃၂၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၅၄

၁။ ဒေါ်ကျင်ဟံ နှင့် ဦးပေါ်လွင်
၂။ ဦးမျိုးသက်အောင်
**(တရားလိုများ)** **(တရားပြိုင်)**

**အခန်းအမှတ်(၇)၊ အမှတ်– ၂၅(အဆောင်)၊ မင်းရဲကျော်စွာလမ်းနှင့် ၁၁–လမ်းထောင့်၊ (၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်**နေ **ဦးပေါ်လွင် (ယခုနေရပ်လိပ်စာမသိ)**တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **မြေကွက်အရောင်းအဝယ်ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဝင်းလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**အင်းစိန်ခရိုင်တရားရုံး**

## ဆန်းသစ်အောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ပိုင်ရှင်များဖြစ်ကြသော ဦးအောင်စိုးဝင်း [၁၂/အစန(နိုင်) ၁၆၇၈၉၄]နှင့် ဒေါ်နွယ်နွယ်ဆင့် [၁၂/အစန(နိုင်) ၀၆၁၇၈၃]၊ ဖုန်းအမှတ်– ၀၉–၀၈၆၄၀၀၀၄၊ ၀၉–၅၁၀၈၅၆၂ တို့နှင့် သက်ဆိုင်သူများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ (၁၀) မိုင်၊ ပြည်လမ်း၊ အမှတ်– ၉၇၀ တွင် နေထိုင်သည့် “ဆန်းသစ်အောင် ဆောက်လုပ်ရေးကုမ္ပဏီ” လုပ်ငန်းပိုင်ရှင်များဖြစ်ကြသော ဦးအောင်စိုးဝင်းနှင့် ဇနီး ဒေါ်နွယ်နွယ်ဆင့်တို့သည် ကျွန်ုပ်တို့အမှုသည်များထံသို့ လွန်ခဲ့သော (၁၀)နှစ်ကျော်ကတည်းက လာရောက်တွေ့ဆုံမိတ်ဖွဲ့ ရင်းနှီးခဲ့ကြသူများဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းတို့လုပ်ငန်းအတွက် ငွေကြေးအခက်အခဲများ ပေါ်ပေါက်လျှင်လည်း မိသားစုသဖွယ် ရင်းနှီးကြ၍ ကျွန်ုပ်တို့၏အမှုသည်မှ ငွေကြေးအလီလီ ကူညီခဲ့ပါကြောင်းလည်းသိရှိရပါသည်။ သို့ရာတွင် လွန်ခဲ့သော ၂၀၂၅–ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့က ငွေကြေးအခက်အခဲပေါ်ပေါက်၍ ကျပ်သိန်း (၁၀၀၀)တိတိကိုလည်းကောင်း၊ ၂၀၂၆–ခုနှစ်၊ မတ်လ (၂၅)ရက်နေ့က ထပ်မံငွေလိုအပ်သည်ဟုဆို၍ ကျပ်သိန်း (၃၅၀)တိတိကိုလည်းကောင်း ကျွန်ုပ်တို့အမှုသည်မှ ၎င်းတို့၏ မေတ္တာရပ်ခံတောင်းခံချက်အရ ယုံကြည်စွာထုတ်ပေးခဲ့ပါသည်။ ကျွန်ုပ်တို့အမှုသည်မှ ငွေလိုအပ်၍ ပြန်တောင်းသည့်အခါ မူလက ပြန်ပေးပါမည်။ ခေတ္တစောင့်ပါဟု ကတိပြုခဲ့သော်လည်း ယခုအခါ လင်မယားနှစ်ဦးလုံးကို ဆက်သွယ်၍မရတော့ပါ။ ဖုန်းများကိုပိတ်၍ ရှောင်နေကြောင်း သိရှိရပါသည်။ ကုမ္ပဏီပိုင်ရှင်များဖြစ်၍ လူကြီးလူကောင်းများဖြစ်သော ဦးအောင်စိုးဝင်းနှင့် ဒေါ်နွယ်နွယ်ဆင့်တို့သည် ကျွန်ုပ်တို့အမှုသည်နှင့် တိုက်ရိုက်တွေ့ဆုံ၍ ငွေကြေးကိစ္စကို အမြန်ဆုံးပြေလည်အောင်ဆွေးနွေးရန် ကျွန်ုပ်တို့အမှုသည်က ဖိတ်ခေါ်ကြောင်း သက်ဆိုင်သူများသိစေရန် ကြေညာပါသည်။

လူကြီးလူကောင်းများဖြစ်ကြသော ဦးအောင်စိုးဝင်းနှင့် ဒေါ်နွယ်နွယ်ဆင့်တို့သည် (၃၀–၆–၂၀၂၆)ရက်နေ့ကို နောက်ဆုံးထား၍ ကျွန်ုပ်တို့အမှုသည်ထံ ကြိုတင်ဆက်သွယ်အကြောင်းကြား၍ လာရောက်တွေ့ဆုံကာ ကျွန်ုပ်တို့အမှုသည်ထံ ပြန်လည်ပေးအပ်ရန်ရှိသည့်ငွေကြေးများကို တစ်လုံးတစ်ခဲတည်းပေးအပ်ပါရန် သို့မဟုတ်ပါက ကျွန်ုပ်တို့အမှုသည် ကျေနပ်လက်ခံနိုင်သည့် ဆွေးနွေးညှိနှိုင်း သဘောတူညီမှုပြုပါရန် သတိပေးတောင်းဆိုလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးကျော်ငြိမ်း(ဖောင်တော်သီ) (စဉ်–၂၃၀၂)** | **ဒေါ်ခင်မေသန်း (စဉ်–၃၂၂၈)** |
| **B.A(Law), LL.B, D.B.L, D.M.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **09–5108521** | **09–5015316** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်– ၁၆၂ (ပထပ်)၊ ၃၅–လမ်း (အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ မြေတိုင်းရပ်ကွက်အမှတ်– RA–IV ကွက်ပြင်၊ မြေကွက်အမှတ်– ၁၂–ငါ၊ ဧရိယာ (၁.၃၅)ဧကရှိ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးမြင့်ကြည်နှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူ၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၆၄၅)**
**အမှတ်– ၈၅၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း– ၀၉–၅၀၂၁၂၄၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ တိုက်အမှတ်–၅၅၊ မြေညီ(အေ)၊ အကျယ်အဝန်း (၁၂½ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအေးချမ်းအောင် [၁၂/စခန(နိုင်) ၀၆၉၃၆၆]မှ ပိုင်ဆိုင်ကြောင်း တာဝန်ယူဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဇင်မာမြင့် [LL.B, D.B.L]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၂၀)**
**အမှတ် (၄၈)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၄၆၁၂၂၈၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ (၁၉)လမ်းအရှေ့၊ အမှတ်– ၁၁၃၇/ခ၊ ၁၁၃၈/က၊ ပဥ္စမထပ်၊ (၆)လွှာ/ဝဲ၊ (၁၃.၅ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်ချိုလွင်မေ [၁၂/ဗဟန(နိုင်) ၀၉၂၇၇၃]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေရည်ချမ်းမြေ့ [၁၂/သကတ(နိုင်) ၂၀၅၉၁၄]က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရွှေရည်ချမ်းမြေ့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်– ၇၀၂ (မြေညီ)၊ ကျော်သူ (၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ဗဟာအေးရပ်ကွက်၊မင်းရဲကျော်စွာ (၁)လမ်း၊ မြေကွက်အမှတ်(၄၅၇)မြေပေါ်ရှိ (ပထမထပ်)ခြေရင်းခြမ်း၊ (၂)လွှာ အကျယ်အဝန်း (၁၁×၄၇)ပေရှိ

**တိုက်ခန်းအရောင်းအဝယ်အားကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းအား ကန်ထရိုက်တာထံမှ တရားဝင်ဆပ်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်ဖြူ(၁၂/ဒဂတ(နိုင်)၁၃၉၅၈၁)က တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီးအဆိုပါတိုက်ခန်းအားမိမိမှတရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် အမွေဆိုင်ပြဿနာ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျှက် ရောင်းချရန်ကမ်းလှမ်းရာ ၎င်းထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်းလာ ရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်မျိုးထက် (LL.B)
လွှဲအပ်ညွှန်ကြားချက်အရ– တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၉၂၇)
အမှတ် (၁၀၁)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉–၄၃၂၀၇၃၃၉၊၀၉–၄၂၀၀၈၇၁၇၇

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၀၁

ဒေါ်သန်းဝင်း(ခ)ဒေါ်သိန်းသိန်းဝင်း နှင့် ၁။ ဦးမြင့်လွင်(ခ)မောင်မြင့်
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးမင်းသူ) ၂။ ဒေါ်မူမူဝင်း
၃။ ဒေါ်ယမင်းရွှေ
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ ပထမထပ်၊ တိုက်အမှတ်(၆၁)နေ (၁)တရားပြိုင် ဦးမြင့်လွင်(ခ)မောင်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ်(၈၁)၊ မြေညီထပ်(ထပ်ခိုးတစ်ဝက်ပါ/ယာ)၊ (၁၃ပေx ၅၀ပေ) အကျယ်ရှိ တိုက်ခန်းအား တရားလိုသည်သာ လက်ရှိထားပိုင်ဆိုင်နေထိုင်ခွင့်ရှိသည့် တိုက်ခန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု**ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၆)ရက်၊ (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)လိုအပ်သော စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးသက်မော်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)ကျောင်း Grade–12 တွင် ပညာသင်ကြားနေသော မမြတ်ဆုမွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် [၁၄/ဘကလ(နိုင်) ၁၈၁၀၅၂] ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်**

## တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ် (ခ–၇၅၂၀) Grade– 12 မှ နော်ဆုငြိမ်းလှိုင်၏ ဖခင်အမည်မှာ စောဝါးထီးန [၃/ဘအန(နိုင်) ၂၂၉၂၉၂]နှင့် စောချစ်စနိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ–၁၃)၊ ဦးပိုင်အမှတ်(၁၄)၊ ၆၆x၆၇ ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်လှလှထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၃၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးမိစံ [၁၂/မဘန (နိုင်) ၀၈၄၀၂၉]က အမှုတွဲအမှတ် (၀၄၅၀/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၅၊ မြေကွက်အမှတ် (၅၉၅)၊ မြေကွက်တည်နေရာ အမှတ် (၅၉၅)၊ ဆရာခြုံလမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအုံးမောင် (CE– ၀၅၃၅၈၁) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးအုံးမောင်(ဖခင်)နှင့် ဒေါ်သိန်းမြင့်(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးသက်ဦး [၁၂/ဗဟန(နိုင်) ၀၆၆၆၅၁]၊ ဒေါ်နွယ်နွယ်ဝင်း [၁၂/ဗဟန(နိုင်) ၀၆၅၅၄၉]၊ ဒေါ်သွယ်သွယ်ဝင်း [၁၂/ဗဟန(နိုင်) ၀၀၀၀၃၆]၊ ဒေါ်မျိုးမျိုးဝင်း [၁၂/ဗဟန(နိုင်)၀၁၆၄၆၅]တို့မှ ၎င်းတို့ မောင်နှမ (၄)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော သားသမီး တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ၎င်းတို့မောင်နှမ(၄)ဦးတည်းသာလျှင် တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (က+ခ)ရပ်ကွက်၊ (က–၇)လမ်း၊ မြေတိုင်းရပ်ကွက် မြို့သစ်(က)၊ မြေကွက်အမှတ်(၆၁၇–က) ဟုခေါ်တွင်သော ပါမစ်မြေကွက်ဟုခေါ်တွင်သော (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့်တကွ အရပ်ရပ် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းမြေယာဌာနတွင် ဦးသန်းစိန် အမည်ပေါက်တည်ရှိကြောင်း အမည်ပေါက်ပိုင်ဆိုင်သူ၏ အမွေဆက်ခံသူများထံမှ ရောင်းချသူက အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုရောင်းချရန်ကမ်းလှမ်းလာ၍ ကျွန်ုပ်မိတ်ဆွေမှ အဆိုပါ မြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန်းချိုဦး LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၉၇၀/၂၀၁၁)**
**အမှတ် (၄၆၄)၊ အခန်း(၂/၄)၊ အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**၀၉–၂၅၂၉၉၄၉၈၈**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
## သန်လျင်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ် ၊ တရားမအထွေထွေမှုအမှတ် – ၂၆

**ကွယ်လွန်သူ ဒေါ်နုနုလွင်၌ ကျန်ရစ်သောပစ္စည်းအကြောင်း။**

ဦးကြည်ညွန့် လျှောက်ထားသူ။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကျေးရွာနေ ဦးကြည်ညွန့်က ကွယ်လွန်သူ ဒေါ်နုနုလွင်၏ တရားဝင်ခင်ပွန်းဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကျေးရွာနေ ၎င်းကွယ်လွန်သူ ဒေါ်နုနုလွင် ကျန်ရစ်သောပစ္စည်းများထဲမှ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ပေးဆပ်ရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်နုနုလွင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးကြည်ညွန့်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းကျော်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**သန်လျင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မမြောက်ရပ်ကွက်၊ ဇာတ်ရုံလမ်းနှင့် သတိပဋ္ဌာန်လမ်းထောင့်၊ အိမ်အမှတ် (၂၆)ဟုခေါ်တွင်သည့် အကွက်အမှတ်(၁၂)၊ မြူနီစီပါယ်ရုံးကွက်၊ ဦးပိုင်အမှတ် (၈၅)၊ မြေကွက်အမှတ် (၁၃၄)၊ ဧရိယာ (၀.၂၁၀)ဧကအကျယ်ရှိ ဂရန်အမှုတွဲအမှတ်– RPNO– 178 V/1961–1962 အရ ဒေါ်အေးရင်–ပါ ၅ ဦးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦကို ဂရန်အမည်ပေါက်ပိုင်ရှင်များ၏ အမွေဝေစုအား ရထိုက်ခွင့်ရှိသူများအားလုံး၏ သဘောတူညီမှုဖြင့် တာဝန်ယူရောင်းချသူများဖြစ်သည့် ၁။ ဒေါ်တင်တင်မူ (ဘ) ဦးအီဗရာဟင်၊ ၂။ ဦးကိုကြည် (ဘ) ဦးဘသိန်း၊ ၃။ ဦးမင်းဦး (ဘ) ဦးတင်ငွေ၊ ၄။ ဦးတင်ဝင်း (ဘ) ဦးမောင်စိန်၊ ၅။ ဦးလှဝင်း (ဘ)ဦးနုရာမွတ်၊ ၆။ ဦးခင်မောင် (ဘ) ဦးရဖီးအာမက်၊ ၇။ ဦးဇော်ဇော်မင်း (ဘ) ဦးမောင်လှ၊ ၈။ ဒေါ်ခင်ကြည် (ဘ) ဦးမောင်မောင်၊ ၉။ ဒေါ်ခင်စန်းမြင့် (ဘ) ဦးဒန်ဒန်မျှား၊ ၁၀။ ဒေါ်မေဇင်မာထွန်း (ဘ) ဦးတင်ဝင်းတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ၁။ ဦးတင်မောင်မောင်မြင့် (ဘ) ဦးတင်မောင်၊ ၂။ ဦးဝင်းနိုင် (ဘ) ဦးချင်းနယားတို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်၊ အဆောက်အဦနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ မြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်– ၈၉၄၉/၂၀၁၃)** | **(စဉ်– ၉၇၃၄/၂၀၁၄)** |
| **၀၉– ၄၂၁၀၅၃၁၁၀** | **၀၉– ၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ သလ္လာဝတီ (၁)လမ်း၊ မြေကွက်အမှတ် (၁၄၄၇/ခ)၊ မြေအကျယ်အဝန်း (၁၀ပေx ၆၀ပေ) (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ် (၁၄၄၇/က)နှင့်ကပ်လျက်ဘက်အခြမ်း နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် **ဦးထွန်းစိန်အောင် (CN–၀၃၉၉၁၅)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်၏သမီးဖြစ်သူ **ဒေါ်နွယ်နွယ်အောင် [၁၂/သကတ(နိုင်) ၁၃၀၀၇၈]**ထံမှ **ဒေါ်အေးအေး [၁၂/သကတ(နိုင်) ၁၄၀၀၀၇]**သည် နှစ်ဦးသဘောတူ အဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ **ဦးရဲကျော်နိုင် [၁၂/ကတတ(နိုင်) ၀၂၇၄၇၄]**ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုလှိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်– ၅၅၅၆၃)**
**အမှတ်(၁၅၄)၊ ပထမထပ်၊ ဥက္ကာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၄၂၂၀၈၈၆၉၁**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မိုင်းခတ်မြို့၌ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် တောင်သာဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မိုင်းခတ်ခရိုင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ☆



မိုင်းခတ်မြို့တွင် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြားချက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများ၊ Main ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများအား ထိန်းသိမ်းပြုပြင်ခြင်း၊ ချို့ယွင်းပစ္စည်းများ အစားထိုးလဲလှယ်ခြင်းနှင့် အသစ်တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ Main ထရန်စဖော်မာနှင့် ဆက်စပ် Switchbay (ဆွဒ်ဘေး) ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများအား ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့၊ (၁၂:၀၀) နာရီမှ (၁၅:၀၀) နာရီအထိ အချိန် (၃) နာရီကြာခန့် ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါထရန်စဖော်မာမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ သာဝတ္ထိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ ရပ်ကွက်နှင့်ကျေးရွာအချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ကမ္ဘာ့ဖလားပွဲစဉ်တွင် မက္ကဆီကိုအသင်းနဲ့ တောင်ကိုရီးယားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



မက္ကဆီကိုအသင်းနှင့် တောင်အာဖရိကအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အမေရိကန်၊ မက္ကဆီကိုနဲ့ ကနေဒါနိုင်ငံတို့ ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပတဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားအုပ်စုအဆင့် အဖွင့်ပွဲစဉ်တွေအနက် ဇွန် ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်တွေမှာ ပူးတွဲအိမ်ရှင် မက္ကဆီကိုအသင်းနဲ့ တောင်ကိုရီးယားအသင်းတို့ဟာ နိုင်ပွဲကိုယ်စီရရှိခဲ့ပါတယ်။

မက္ကဆီကိုအသင်းဟာ အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် တောင်အာဖရိကအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး တောင်အာဖရိကအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

## မိုးဦးကာလ ရေယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် ရေလမ်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် ဇွန် ၁၂

မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခြင်းနှင့် မိုးမှောင်ကျခြင်းများကြောင့် ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လ ၁၀ ရက်နေ့က ရေလမ်းသတိပေးချက် ထုတ်ပြန်ထားသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

## FIFA Football For Schools အစီအစဉ် မိတ်ဆက်ခြင်းနှင့် ဘောလုံးလွှဲပြောင်းပေးအပ်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၁၂

မြန်မာ့ဘောလုံး လောက၏ အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအား မြေတောင်မြှောက်ပေးမည့် FIFA Football for Schools Programme မိတ်ဆက်ခြင်းနှင့် ဘောလုံး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများကို သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေနှင့်

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❂




FIFA မှ လှူဒါန်းသည့် ဘောလုံးများကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်စဉ်။




## Junior World Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ် အမျိုးသမီး ဂေါက်သီးရိုက်အားကစားသမား ချိုသာအောင် တတိယဆုရရှိ

ရန်ကုန် ဇွန် ၁၂

အင်ဒိုနီးရှားနိုင်ငံ Damai Indah Golf., PIK Course ၌ ဇွန် ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပသည့် Junior World Championship 2026 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ရာ အမျိုးသမီးဂေါက်သီးရိုက်အားကစားသမား ချိုသာအောင် တတိယဆုရရှိခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❍

## ယနေ့ ဖတ်စရာ

လယ်ဝေးမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုး၊ မိုးညှင်းမြို့နယ်၌ ငွေကျပ် ၁၆၂ သိန်းတန်ဖိုးနှင့် ညောင်တုန်းမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ
စာမျက်နှာ » ၁၅

ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်
စာမျက်နှာ » ၁၆